


# စစ်ကိုင်းဦးဘိုးသင်း

ငြိမ်းကိုပ်သာ

ဒုတိယအကြိမ်

mgyoe.com

ပြည်တန်ပတ္တမြားသည်
မင်းဥယျာဉ်ထဲကမထွက်။

ANB0136
3,700.00KS

mgyoe.com

mgyoe.com

ငြိမ်းရိပ်သာ၊ စစ်ကိုင်းဦးဘိုးသင်း
မျက်နှာဖုံးပန်းချီ- တော်တီဆွေ
စာမျက်နှာ ၃၂၁++ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၄ စန္ဒာဝင်းစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၃၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# ငြိမ်းရိပ်သာ

စစ်ကိုင်းဦးဘိုးသင်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



စစ်ကိုင်းဦးဘိုးသင်း သက်တော် (၇၄) နှစ်၊
၁၉၅၄ ခုနှစ်၊ စာပေဗိမာန်ထောင်ဆုရသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## စန္ဒာဝင်း၏ အမှာ
## (ပထမအကြိမ် ထုတ်ဝေစဉ်မှ)

စာရေးဆရာကြီး စစ်ကိုင်းဦးဘိုးသင်းသည် သရက်ခရိုင်၊ မင်းတုန်းမြို့၊ မြို့သစ်ကုန်းရပ်၌ ၁၂၅၂ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့တွင် မွေးဖွားသည်။

ဆရာကြီး၏ဖခင်မှာ ပရမတ်ဆရာကြီးဦးဘိုးသာဖြစ်၍၊အမိမှာ ပဲ့နင်းကြီး၏ သမီး ဒေါ်ရွှေဆိတ်ဖြစ်သည်။ ခုနစ်နှစ်အရွယ် ကပင်လျှင် ဗေဒင်ကို ကောင်းစွာတတ်၍ မေးကြမြန်းကြသူတို့အား မှန်ကန်တိကျအောင် ဟောပြောနိုင်သူ ဖြစ်သည်။ သို့သော် ဆရာကြီးသည် ဗေဒင်ကို ယုံကြည်သူမဟုတ်ပေ . . .။

အသက် ဆယ့်သုံးနှစ်အရွယ်တွင် မင်းတုန်းမြို့ ပေပင်

mgyoe.com

mgyoe.com



ကျောင်း၌ သတ္တမတန်းကိုအောင်ခဲ့သည်။ ဆယ့်ကိုးနှစ်အရွယ်တွင် မန္တလေးမြို့ နော်မန်ကျောင်းမှ အထက်တန်းပြဆရာဖြစ်လက်မှတ်ကို ရရှိခဲ့သည်။ ဆရာကြီးသည် စာရေးခြင်းကို အထူးဝါသနာပါ၍ ကျောင်းသားဘဝမှာပင် ဇာတ်စာအုပ်ကလေးများကို ရေးခဲ့၏။

**'အရက်ငှိကာ' 'လောကသျှတ္တရကျမ်း'** တို့ကို ရေးရာ၊ ဆရာများက သိသဖြင့် ထိုစာအုပ်တို့ကို မီးရှို့ခံခဲ့ရသည်။

ထိုနောက် မြစ်ကြီးနားမြို့ အစိုးရကျောင်းတွင် ကျောင်းဆရာကြီး ဖြစ်ပြီးနောက် ဗန်းမော်မြို့တွင် ပညာအုပ်အဖြစ် အမှုထမ်း၍ အလုပ်မှ နုတ်ထွက်ခဲ့သည်။ ထို့နောက် မကွေးမြို့ အစိုးရကျောင်းတွင် ကျောင်းဆရာကြီးပြန်လုပ်ရာ ဝတ္ထုတိုပေါင်းများစွာနှင့် **'သားသမီးများကြီးပွားရေးလက်စွဲ' 'ကျွန်ုပ်တို့အချိန် . . .'** စသည်တို့ကို ရေးသားခဲ့ပြန်၏။

**ကိုသိန်းမောင်** ဝတ္ထုမှာ မူလအထက်တန်းတွင် အပိုဖတ် စာအဖြစ်ဖြင့်လည်းကောင်း၊ ခရီးသည်ကြီးမှာ A.V အထက်တန်းများတွင် လည်းကောင်း၊ ဒို့ပြည်စာအုပ်ကို အမျိုးသား အထက်တန်းသုံးရန်လည်းကောင်း ပြဋ္ဌာန်းခြင်း ခံခဲ့ရ၏။

လောကသာရနှင့် **'စိတ္တကျော်သူ'** အဖြေကို ရေးခဲ့သည်။ **'ပင်လယ်ပျော်သီသီ' 'ခေတ်သစ်မောင်' 'ဖာတလုံးခေါင်းကျား'** တို့ကို ရေးခဲ့သည်။ ပင်စင်ယူပြီးနောက် မြစ်ကြီးနားတွင် ပညာအုပ် ပြန်ပြီးလုပ်ရ၏။

mgyoe.com

mgyoe.com



**'တိုက်ကြည်းစို့' 'တာတာအိုးမ' 'နန်းနွယ်'** များကို ရေးပြန်၏။

ထိုနောက် မြစ်ကြီးနားက ပြန်လာပြီးနောက် **'စလေမင်းခွေး'** ဝတ္ထုကိုရေးပြန်သည်။ ၎င်းစာအုပ်သည် သတ္တမတန်းမှာ သင်ကြားဖို့ အမိန့်ရှိသည့်ပြင် ဆုငွေပေးရန် စီစဉ်တုန်းပင် ကာလပျက်သွားသည်။

ဆရာကြီး၏ဇနီးမှာ မျက်စိကွယ်နေရှာ၏။ သားသမီး ၁၀ ယောက်ရှိ၍ မြေးပေါင်း ၁၇ ယောက်ရှိသည်။ ထင်ရှားသောသားမှာ ဗိုလ်ကြီး **'သိုးထိန်း'** ဖြစ်၏။

၁၉၅၄ ခုနှစ်တွင် **'ငမဲကျွန်'** ဝတ္ထုအတွက် စာပေဗိမာန် ထောင်ဆုကို ရသည်။ ယခုအသက် ၇၄ နှစ်ရှိပြီဖြစ်၍ စာအုပ်များမှာ စက်နှင့်လှည့်ထုတ်သကဲ့သို့ လစဉ်အဆက်မပြတ်ရေးနေပေသည်။

ယခုဆရာကြီးသည် စစ်ကိုင်းမြို့ နန္ဒဝန်ကွက်သစ်ရပ်တွင် အေးချမ်းစွာနေပေသည်၊ စန္ဒာဝင်းအတွက် ဝတ္ထုများ လစဉ် အဆက်မပြတ် ရေးပေးနေသဖြင့် ကျွန်ုပ်တို့တိုက်က လစဉ်ပင် ဆရာကြီး၏ စာအုပ်များအား အဆက်မပြတ် ထုတ်ဝေလျက်ရှိပါကြောင်း . . .။

**ယခု 'ငြိမ်းရိပ်သာ' ရာဇဝင် ဝတ္ထုတော်ကြီးကို ၁၉၆၄ ခု၊ ဇန်နဝါရီလ လွတ်လပ်ရေးအတွက် အထူးထုတ်ဝေလိုက်ရပါကြောင်း။**

စန္ဒာဝင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း (၁)

မင်းသားကလေး ခန်းမောက်သည် မြင်းနက်ကျော်ကိုစီး၍ တစ်ဦးတည်း လှည့်လည်ကာ လာနေ၏။ ခန်းမောက်သည် တောစပ်ကလေးတစ်ခုသို့ ရောက်သွားရာ ထင်းစည်းတစ်စည်းနှင့် မိန်းကလေးတစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏ . . .။

ထိုမိန်းကလေးသည် ဤသို့ဆို၏။

"မောင်ကြီးရှင် . . . ကျွန်မအား . . . ထင်းစည်းကို ပင့်ပေးပါ . . ."

ခန်းမောက်ကား မြင်းပေါ်က မဆင်းဘဲ "မင်းထင်းစည်းဟာ သိပ်မှမကြီးဘဲ ပင့်ပါလား" ဟု ဆို၏။

"ရှိခိုးပါရှင် . . . ကျွန်မ မပင့်နိုင်လို့ပါ . . ."

"မင်းအဖော်လည်းမပါ . . . ဘာလည်းမပါ . . ."

"သည်မင်းလက်ထက်မှာ တိုင်းပြည်သာယာလို့ အဖော် မလိုပါရှင် . . . ကိုင်းပါ မောင်ကြီးရှင်၊ . . . ရှိရှင်ခိုးပါရဲ့၊ ပန်းဦး

mgyoe.com

mgyoe.com


လွှတ်ပါ့မယ် . . . ပင့်ပေးပါရှင် . . . ”

“ဟ . . . ဟ . . . ဟ . . . မဦးမချွတ် ဘယ့်နှယ် ပြောသလဲ”

“ဒါဖြင့် ပင့်ပေးပါရှင် . . . ”

ထိုအခါ မင်းသားကလေး ခန်းမောက်သည် မြင်းပေါ်မှ ဆင်း၍ ထိုမိန်းကလေး၏ ခေါင်းပေါ်သို့ ထင်းစည်းကို ပင့်ပေးလိုက်လေ၏။

ထိုမိန်းကလေးလည်း “ကျေးဇူးပါရှင်၊ ရှင့်အား . . . ပန်းဦးလွှတ်ပါ့မယ်. . . အလိုရှိသောအခါ ကြွခဲ့ပါ” ဟု ဆိုပြီးသော် ထင်းစည်းကို ရွက်ပြီးလျှင် သွားလေ၏။

ခန်းမောက်သည် ဘယ်လိုမိန်းကလေးလဲဟု တွေးဆမိ၏။ ထိုမိန်းကလေးကား တော်တော်ကို လှ၍ချော၏။ ကိုယ်လုံးကိုယ်ပေါက် အဆစ်အမြစ် အတော်ကိုပြေပြစ်၏။ မိဖုရားတန်၏။ သို့သော် ခန်းမောက်သည် ထိုမိန်းကလေး၏ အချောအလှကိုမမြင်။

ခန်းမောက်သည် မယ်တော်၏ ဆုံးမသွန်သင်ခြင်းကို မြဲစွဲစွာ နာခံတတ်သဖြင့် မယ်တော်က ညွှန်ပြထားသော မင်းသမီးစကားမယ်ကိုသာ မြင်လေ၏။ သို့သော် ခန်းမောက်သည် ဤသို့ စဉ်းစားမိ၏။

ဤမိန်းကလေးသည် ဆန်းသော စကား
ကို ဆို၏၊ ပန်းဦးလွှတ်ပါမည်၊ သူ့ခေါင်းပေါ်သို့
ထင်းစည်းကိုပင့်ပေးပါဟု ဆိုသည်၊ ထင်းစည်းကို
ပင့်ပေးပြီးနောက်လည်း ပန်းဦး လွှတ်ပါမည်ဟု
ဆိုသည်။ သူ့နှုတ်ထွက်သည် အဓိပ္ပာယ်ပါသည်။

ထိုသို့ စဉ်းစားမိပြီးနောက် ခန်းမောက်သည် ထိုမိန်းကလေးကို စဉ်းစားသင့်သည်ဟု ထိုမိန်းကလေး၏ နောက်မနီးမဝေးမှ မြင်းကို

mgyoe.com

mgyoe.com


လမ်းထိုးစီးပြီးသော် လိုက်သွား၏။ ထိုမိန်းကလေးသည်ကား အလွန် ဆင်းရဲလှသော သူ၏ အိမ်ကုပ်ကလေးအနီးတွင် ထင်းစည်းကို ခေါင်း ပေါ်မှ ပစ်ချပြီးသော် အမောပြေသဖွယ် အိမ်ကုပ်ကလေး၏ အရိပ်တွင် ဆောင့်ကြောင့်ထိုင်ကာနေ၏။

ခန်းမောက်သည် ထိုမိန်းကလေး၏ အိမ်သို့ ချဉ်းကပ်၍ မြင်းပေါ်ကပင် မဆင်းဘဲ ဤသို့ မေး၏။

"နှမသယ် ... မင်းစကားဟာ အတော်ဆန်းတယ်၊ ခုမှ ငါ စဉ်းစားမိတယ် ..."

"ဘာဆန်းပါသလဲတော် ..."

"မိန်းမများမှာ အတော့်ကို စောင့်ထိန်းအပ်ပါလျက် မင်း ပန်းဦးလွှတ်မယ်လို့ ဆိုစကားကို ငါ အတော်ပင် အံ့သြတယ် ... ထင်းစည်းကို ပင့်ပေးရုံနှင့် မင်း သည်လိုပြောသင့်သလား ..."

"အို ... တော် ... တော့်အမြင်နှင့်အသိနှင့် ဆိုတော့ ဟုတ်မှာပေါ့ ..."

"ဘာလဲ ... ပြောစမ်းပါဦးကွယ် ..."

"တော့်အင်္ကျီရုပ်၊ တော့်ပုံပန်း၊ တော့်လက္ခဏာကို မြင်မိရုံနှင့် ပင် တော်ဟာ ပန်းဦးမတောင်းဘူးလို့ ကျွန်မ အတပ်သိပါတယ်. . ."

"အင်း ..."

"သည်လို ကျုပ်က ပြောလိုက်ရတဲ့အတွက်လည်း ကျုပ်မှာ အတော့်ကို လုံခြုံတဲ့ကာကွယ်မှုကြီးကို သည်ကိစ္စအတွက် ရပါတယ်၊ ကျုပ်ရဲ့အနားမှာ ဖြတ်သန်းသွားတဲ့ ယောကျ်ားနှစ်ယောက်သုံးယောက် ရှိပါတယ်။ သည်စကားကို ကျုပ် မပြောပါ။ ထင်းစည်းကိုလည်း ပင့်ပေးပါ မဆိုပါ ..."

"သည်လိုပြောလို့ ကာကွယ်မှုကြီး မင်းမှာ ဘာရသလဲ"

mgyoe.com

mgyoe.com


"သြော် . . . သည်လိုလား . . ."

"ဟုတ်ပါတယ် . . ."

"ခု ငြေမ်းရိပ်သာမှ အရည်းဆရာတော်ကြီး ဦးဝဏ္ဏဓဇက အရည်းငယ်များထံ အမိန့်ထုတ်ထားပါတယ်။ သည်အမိန့်ကို သူလည်း လိုက်နာပါတယ် . . ."

"ဘယ်လိုအမိန့်လဲ . . ."

"သည်လိုတော့ . . ."

"ပြောစမ်းပါ . . ."

အရည်းများသည် ပန်းဦးလွှတ် ပူဇော်ပါ
မည်ဟု ယောကျ်ားတစ်ယောက်ထံမှာ ဝစီဒွါရအား
ဖြင့် ပြောဆိုမိသော အမျိုးသမီးထံမှ ပန်းဦးလွှတ်
ပူဇော်မှုကို မခံရ၊ ထိုအမျိုးသမီးအား ထိုအပြောခံရ
သူ ယောကျ်ားက အခွင့်မပြုဘဲနှင့် ထိမ်းမြားလက်
ထပ်ပေးခြင်းကို မပြုရ။ ထိုအမိန့်ကို မနာခံသော်
အရည်းအဖြစ်မှ ဆုံးရှုံးစေ . . .'

"ထိုအမိန့်ကြောင့် ကျုပ်မှာ ယခု တော့်အား ပန်းဦးလွှတ်ပါ့ မယ်ဆိုကာ ပြောမိခြင်းသည် များစွာအကာအကွယ်ရသွားပါတယ်"

"သြော် . . . သည်လိုလား . . ."

ထိုသို့ပြောဆို၍ ခန်းမောက်မင်းသားကလေးသည် ထိုမိန်းကလေး၏ နာမည်ကိုမှပင် မမေးဘဲ အသပြာ တစ်ဆယ်ပေးပြီးသော် ထိုမိန်းကလေး၏ အိမ်ကုပ်မှ ထွက်ခွာသွားလေ၏။ ခန်းမောက်သည် ဤသို့လည်း စဉ်းစားလာလေ၏။

* * *

mgyoe.com

mgyoe.com

# အခန်း (၂)

အရည်းတို့သည် ခမည်းတော်ဘုရား လက်ထက်တော်၌ တရားနှင့် ပြည့်ဝလာဟန်တကား၊ အေးအေးသက်သာနှင့် ရဟန်းများ၏ အကျင့်ကို ကျင့်လာကြချေပြီဟု ထင်မှတ်ဖွယ် ရှိလာလေပြီ။ ဧဋြိမ်းရိပ်သာကြီး၌ တစ်ပါးတည်း သီတင်းသုံးနေသည်ဟု ထင်ရှားသော အရည်းဝဏ္ဏဓေဇထံ သွားရောက်ကာ စုံစမ်းသင့်ပေသည်။ အရည်းများသည် ရဟန်းမင်းနိုင်ငံတော် တည်ထောင်လိုခြင်းမှ လက်လျှော့လိုက်ကြပြီလော၊ ၎င်းတို့၏အမှားကို ထင်မြင်ကြပြီလော . . . ။

ခန်းမောက်မင်းသားသည် နောက်တစ်နေ့သော် ဧဋြိမ်းရိပ်သာသို့ တစ်ဦးတည်းပင်သွားရောက်လေ၏။ ထိုအခါ ဧဋြိမ်းရိပ်သာကျောင်း၌ တိတ်ဆိတ်၍ ကြက်တိန်ညင်တို့သည် ကျောင်းအောက်၌ ဘာသာဘာဝ နေကြသဖြင့် ငြိမ်းငွေ့ဖွယ်ဖြစ်နေ၏။ ရာသီ

mgyoe.com

mgyoe.com


မှာလည်း မိန်ရာသီဖြစ်သည်အတိုင်း သစ်ပင်တို့ ခြောက်သွေ့ကာ နေလေ၏။

သို့နှင့် ခန်းမောက်သည် ကျောင်းတော်ကြီးပေါ်သို့ တက်သွား၏။ ကျောင်းတော်ကြီးသည်ကား အလွန်ကြီးကျယ်၏။ ကတီခန်း အစရှိသော အခန်းတို့လည်းရှိ၏။ သို့သော် ထိုအခန်းတို့၌ မည်သူ တစ်စုံတစ်ယောက်မျှရှိဟန်မတူပေ . . .။

ခန်းမောက်သည် စင်္ကြံတစ်နေရာ၌ ပေရေးနေသော အရည်းကြီးတစ်ပါးကို တွေ့၏။ ခန်းမောက်သည် အရည်းများကို ကြည်ညို ကိုးကွယ်သောသူမဟုတ်သဖြင့် မနီးမဝေးက ထိုင်ကာ အရည်း၏ အရိပ်အကဲကို ခတ်နေ၏။

အရည်းကား ခန်းမောက်လာရောက်သည်ကို မြင်၏။ ခန်းမောက်ကို မင်းသားဟူ၍ သိ၏။ မကြာမီ အိမ်ရှေ့မင်း ဖြစ်သတတ် ဟုလည်း သိထား၏။ အရည်းဝဏ္ဏသည်ကား ခေသောအရည်း မဟုတ်ပေ။ သို့သော် မသိကျိုးကျွန်ပြု၍ ခန်းမောက်ကို ဂရုမပြုဘဲ မိမိ ရေးမြဲတိုင်း ပေကို ရေးနေ၏။

ခန်းမောက်သည် ထိုသို့သောသဘောကြောင့် အရည်းဝဏ္ဏကို ထိုအရည်းကား ရဟန်းတို့၏သဘောကို နားလည်သည်အတိုင်း ကျင့် သုံးနေထိုင်ပုံရ၏။ မိမိ၏ထံသို့ လာရောက်သော ငါ့ကို ဂရုမပြု တော် ပေစွဟု အကဲခတ်နေ၏။

ထိုခဏ၌ပင် သူဌေးကြီးဦးကျော်စိုး၊ သူဌေးကတော် ဒေါ်မိကြီး၊ သမီး တင့်တင့်ခင်တို့သည် များစွာသော လှူဖွယ်တန်းရာ တို့နှင့် ရောက်လာကာ အရည်းကြီးကို ထုံးစံသဘောအတိုင်း ဝတ်ချ လေ၏။

အရည်းဝဏ္ဏဓဇသည် ထိုသူဌေးသားအမိ သားအဖ သုံး

mgyoe.com

mgyoe.com


ယောက်တို့ကိုလည်း စကားမပြော၊ ကြည့်ပင်မကြည့်ချေ။ ထိုအခါ သူဌေးကြီး ဦးကျော်စိုးသည် တပည့်တော်တို့ ဤလှူဖွယ်တန်းရာတို့နှင့် လှူဒါန်းပူဇော်ပါသည်ဘုရားဟုဆို၏။ အရည်းဝဏ္ဏဓဇလည်း 'အိမ်း' ဟု ဆိုပြီးလျှင် တိတ်ဆိတ်နေ၏။ သူဌေးတို့ကိုလည်း မကြည့်ချေ။

ထိုအခါ သူဌေးကတော် ဒေါ်မိကြီးက 'ဆုသနားပါဘုရား' ဟု ဆို၏။ ထိုအခါ အရည်းဝဏ္ဏဓဇက၊ ဆုစကားဆိုခြင်း၊ စကားနှင့် ဆုပေးခြင်းသည် လူပလီဝါဒ၊ ကိုယ်၏အကျင့် သဒ္ဓါတရားတို့နှင့် အညီသာလျှင် သတ္တဝါတို့၌ ဆုရသည်။ ထိုသို့ပြောဆိုပြီးနောက် ဝဏ္ဏဓဇသည် တိတ်သောအသံနှင့် ပေရေးနေမြဲနေ၏။

သူဌေးကြီး ဦးကျော်စိုးသည် ၎င်းတို့ လှူဖွယ်တန်းရာများကို အရည်းဆရာတော်၏ ကျက်သရေတိုက်ခန်းသို့ သွား၍ ပို့ထားလေ၏။

ဦးကျော်စိုးတို့နှင့် ခန်းမောက်သည်ကား အသိဖြစ်ကြ၏။ ဦးကျော်စိုးသည် မင်းသားကလေးအား နှုတ်ဆက်ပြီးနောက် ဤသို့ စကားကူးလူးနေလေ၏။

"ကိုယ်တော်ကလေး ဘာကိစ္စ . . ."

"ပျင်းပျင်းရှိတာနှင့် လာလည်တာပါ၊ ဘ . . ."

"ကိုယ်တော်ကလေးကိုတော့ ကျေးတော်မျိုးတို့က အပြစ် တင်ချင်ပါတယ် . . ."

"မိန့်တော်မူပါ ဘ . . ."

"ခမည်းတော်ဘုရားက အိမ်ရှေ့မင်း ခန့်အပ်တော်မူသည် ကို လက်မခံလို့ပါ . . ."

"မိတင့်တင့်တို့က သတင်းတော် ထွက်လာရင်ပဲ၊ တို့ကိုယ်တော် ကလေးတော့ အိမ်ရှေ့ဖြစ်တော့မယ်လို့ သိပ်ဝမ်းသာနေတာ၊

mgyoe.com

mgyoe.com


အိမ်ရှေ့ ရာထူးတော်ကို ကိုယ်တော်လေးက စဉ်းစားဦးမယ်လို့ သတင်းထွက်လာလို့၊ အိမ်တော်ကို လာကြပြီး ရန်ထောင်မလို့ပါ ဘုရား"

"စဉ်းစားနေတုန်းပါ မတင့်တင့်ရယ် ..."

ဦးကျော်စိုးသည်ကား ၎င်းတို့ ကိုးကွယ်နေသော အရှင်း ဆရာတော်အား ဤသို့လျှောက်လေ၏။

"ကိုယ်တော် အဘယ်ကျမ်းကို ပြုနေပါသလဲဘုရား ..."

"လူ့သဘာဝကျမ်း ... ငါ ပြုပြီးတာကြာပြီ၊ ထပ်မံ စစ်ဆေးနေတာပါ ..."

"တပည့်တော်တို့အား တရားချီးမြှင့်တော်မူပါ ဘုရား"

"အင်း ... နားထောင် မလိုချင်နှင့်၊ မတပ်မက်နှင့်၊ မနှစ်သက်နှင့်၊ မခုံမင်နှင့်၊ လိုချင်တပ်မက်၊ နှစ်သက်ခုံမင်သလောက် ဆင်းရဲသည် ..."

"တွေ့ကြုံလာသည်ကို မတုန်လှုပ်နှင့်၊ တုန်လှုပ်သလောက် ပင်ပန်းသည် ..."

"မထောင်လွှားနှင့်၊ ထောင်လွှားသလောက် နိမ့်ကျရမည်၊ ကိုင်း ... ဒါပဲ ..."

သူဌေးကြီးတို့သည် ၎င်းတို့၏ ဆရာတော် ဟောသော တရားကို နာကြပြီးသော် မင်းသားခန်းမောက်ကို နှုတ်ဆက်၍ ပြန်ကြလေ၏။ မင်းသားခန်းမောက်သည်ကား နေခဲ့သေး၏။ သို့ရာတွင် ခန်းမောက်နှင့် အရှင်းဆရာတော် ဝဏ္ဏဓဇသည် စကားတစ်ခွန်းမျှ မပြောချေ။

ခန်းမောက်မင်းသားသည် အရှင်း ဝဏ္ဏဓဇက သူဌေးကြီး တို့အား ဟောပြလိုက်သောတရားကို သဘောကျသဖြင့် 'အင်း ...'

mgyoe.com

mgyoe.com


သည်အရည်းကား ရဟန်းကျင့်ဝတ်နှင့်ညီသော အရည်းဖြစ်တန်ရာ ပေသည်။ သူ၏အနေအထိုင်မှာလည်း သိမ်မွေ့၍ ရဟန်း၏ ဣန္ဒြေနှင့် လျော်ညီသည်ဟု ထင်လာ၏။

ခန်းမောက်သည် စကားနှင့် သဘောသည် ညီသလော၊ စကားကောင်းဖို့ မခဲယဉ်းသော်လည်း၊ သဘောကောင်းဖို့ ခဲယဉ်းသည်၊ သဘောနှင့် အကျင့်သည်ညီသလော၊ သဘောကောင်းဖို့ မခဲယဉ်းစေကာမူ အကျင့်ကောင်းရန်ကား ခဲယဉ်းပေသည်ဟု သတိထားမိဟန် မတူပေ။

ခန်းမောက်သည် အရည်းဝဏ္ဏဇေ၏ ဣန္ဒြေသိက္ခာနှင့် ပြောသောစကားကို သဘောကျစေကာမူ၊ သူတစ်ကိုယ်တည်း နေထိုင်ပါလျက် ဤမျှကျယ်ဝန်းသော ကျောင်းဆောင် ကတီခန်းနှင့် အခန်းခန်းသော ကျောင်းခန်း၊ ကျောင်းပြာသာဒ်များတို့ကို စဉ်းစားသလိုဖြစ်၏။ သူတော်ကောင်းဆိုသည် ဤသို့နေထိုင်ရာသလော၊ ဤမျှအခန်းခန်းသော ကျောင်းခန်းတို့သည် သူ၌ မည်ကဲ့သို့ အသုံးဝင်ဘိသနည်း၊ တစ်စုံတစ်ရာသော အကြောင်းသည် ရှိတန်ရာသည်ဟု ခန်းမောက်သည် စဉ်းစားလေ၏။

ဤအရည်းသည် လူ့သဘာဝကျမ်းကို ပြုပြင်သည်ဟု ပြောသည်၊ သူသည် ကျမ်းပြုနိုင်ရာသလော၊ အရည်းတို့သည် သမိုင်းဆရာ သမိုင်းထိုးသည်ဟု မင်းတို့၏အစဉ်အဆက်၊ တိုင်းပြည်နိုင်ငံတို့၏ အဖြစ်အပျက်များကို သူတို့၏ဝါဒ၌ လူများယုံကြည်စွဲလမ်းရန် ယုတ္တိကင်းမဲ့စွာနှင့် အရမ်းရေးမှတ်ကာ ပြုစုစီရင်ထားခဲ့လေပြီ၊ ယခုလည်း ဤကဲ့သို့ ပြုလေသလော၊ ငါ့လောက် အတတ်ပညာကြွယ် မလားဟု ခန်းမောက်သည် တွေးဆနေသည်တွင် အဆင်မပြေသော လူတစ်ယောက်သည် ရောက်လာလေ၏။

mgyoe.com

mgyoe.com


ထိုသူကား ခေါင်းတုံးတိုတိုတွင် တဘက်နီနီကို ပတ်ထား၏။ အင်္ကျီအစိမ်းလက်တိုကိုဝတ်၍ ရှားသွေးလုံကွင်းကို ဝတ်ထား၏။ လက်တွင် ဆေးကြိမ်လုံးတစ်လုံးပါ၏။ ၎င်းသည် ရဲရဲတင်းတင်းနှင့် အရည်း၏ အခန်းတွင်းသို့ ဝင်သွား၍ ပြန်ထွက်လာကာ၊ အရည်း ဝဏ္ဏဓဇ၏ အနီးတွင် ခုံခုံကြီး ထိုင်လိုက်လေ၏။ ဣန္ဒြေကောင်း၍ ကြီးမားလှသော ဝဏ္ဏဓဇသည် ဤသို့ဆို၏။

"နေခြည်တမှုံ့ . . ."

"အုံ့ရမလား . . ."

"ကုံး . . ."

ခန်းမောက်သည်ကား ငါ့ကို သာမန်မင်းသားဟု သူတို့ထင်ပုံ ရသည်ဟု တက်သောမာန်နှင့် 'ကဆုန်နယုန်' ရောက်စမ်းပါလား ဟု ခပ်တည်တည်နှင့်ဆိုလေ၏။

ခဏနှင့်ပင် တဘက်နီပတ်လူသည် ရုတ်ခြည်း ထပြန်သွား၍ ခန်းမောက်နှင့် အရည်းဝဏ္ဏဓဇသည် မည်သည့်စကားကိုမျှမပြောဘဲ တိတ်ဆိတ်စွာနေ၏။ ဝဏ္ဏဓဇလည်း မိမိ ပေရေးနေမြဲအတိုင်း ရေး နေ၏။

ခန်းမောက်လည်း ငါ့အထင်နှင့်အမြင်သည် မှားသလား . . . ဤသူ နှစ်ယောက်မှာ လျှို့ဝှက်သော အကြံရှိသည်ဟု ငါ ထင်သည်။ ထို့ကြောင့် အင်္ဂဝိဇ္ဇာသဘောနှင့် ကြားဝင်ကာ ငါ ဖောက်လိုက်သည်။ အကယ်၍ သူတို့သည် သူတော်ကောင်း အကျင့်ရှိသူဖြစ်ငြားအံ့၊ သူတို့ ကို ငါစော်ကားရာရောက်မလား။ ထိုသို့ခန်းမောက်သည် စဉ်းစားကာ အရည်းဝဏ္ဏဓဇကို အကဲခတ်ကာနေပြီးမှ ငြိမ်းရိပ်သာမှ . . . ပြန်လာခဲ့လေ၏။

mgyoe.com

mgyoe.com


ခန်းမောက်မင်းသားသည် ဤသို့လည်းတွေးဆ၏။

ငါသည် အရည်းဝဏ္ဏဇကား သူတော်ကောင်း၏ အကျင့်အကြံကို အားထုတ်နေသည်ဟု ထင်မှတ်၏။ ထင်မှတ်သည်အတိုင်းလည်း သူသည် သူဌေးကြီး ဦးကျော်စိုးတို့အား ဟောသည့်တရားသည် အလွန့်အလွန်နက်နဲ၍ အဖိုးတန်၏။ ထို့ကြောင့် ငါသည် ကြည်ညို ချင်စိတ်ဖြစ်လာ၏။ သို့သော်ဆန်းပြားသော လူတစ်ယောက်သည် ရောက်လာ၍ သူတို့သာ သိသည်ဟုထင်သော စကားဝှက်နှင့် ပြောသည်ကိုထောက်သော် ၎င်းတို့မှာ လျှို့ဝှက်သောအကြံသည် ရှိတန်ပေသည်။

ခန်းမောက်သည် ထိုသို့တွေးဆ၍ လာလေရာ ကျောင်းခရီးလမ်းမ၌ မနေ့ကတွေ့ရသော မိန်းကလေးကို မန်ကျည်းသီးတောင်းကြီးနှင့် တွေ့ရပြန်၏။ ထိုမိန်းကလေးလည်း ပြုံးကြည်သောမျက်နှာနှင့် ဤသို့ဆို၏။

"ဟော ... မောင်ကြီးနှင့် တွေ့ရပြန်ပြီ ... သိပ်ကို ရေစက်ဆုံတာကိုး ..."

"ဘာဖြစ်ပြန်သလဲ ..."

"သည် မန်းကျည်းသီးတောင်းကြီးကို ပင့်ပေးစမ်းပါဦး တော် ..."

ခန်းမောက်သည် လွယ်လင့်တကူနှင့်ပင် မန်းကျည်းသီးတောင်းကို ထိုမိန်းကလေး၏ ခေါင်းပေါ်သို့ ပင့်ပေးလိုက်လေ၏။ ထိုမိန်းကလေးသည် ယနေ့သော်ကား ပျူပျူငှာငှာနှင့် ဤသို့သော စကားကိုဆိုရင်း ခန်းမောက်၏ ရှေ့ကသွား၏။

"မောင်ကြီးဟာ မနေ့ကတော့ မြင်းကြီးနှင့်၊ ကနေ့တော့ ခြေကျင် ဘယ်ကလာပါသလဲ ..."

mgyoe.com

mgyoe.com


"မင်း ငါ့ကို သိချင်သလား ..."

"သိချင်တာပေါ့ မောင်ကြီးရယ် ..."

"ဘာကြောင့်သိချင်တာလဲ ..."

"ကျုပ်တို့မှာ ဆင်းရဲသည်ကြောင့် ဆွေမျိုးရင်းရင်းချာချာကပင် ဆွေမျိုးမတော်ချင်၊ မိတ်ဆွေဆိုတာမရှိ၊ မိတ်ဆွေကောင်းဆိုတာတော့ ဝေးသေးစွ၊ ဒါကြောင့် သဘောထားမြင့်မြတ်တဲ့သူဆိုတော့ အားကိုးရာ မှီခိုရာ ဖြစ်ချင်လို့ သိချင်တာပေါ့ ..."

"ငါဟာ မင်းသားခန်းမောက် ..."

"ဟော့ ... ဘုရား ... ခက်ကုန်ပြီ ..."

"ဘာခက်သလဲ ..."

"ဘုရားကျွန်မ အပြောအဆို မှားကုန်ပါပြီ၊ သည်းခံတော်မူပါဘုရား၊ အမျက်တော်မထားပါနှင့်ဘုရား၊ ဘုရား ကျွန်မ မသိလို့ပါဘုရား၊ ရှေ့ကကြွပါ ကိုယ်တော်ဘုရား"

"မင်းနာမည် ဘယ်သူတဲ့လဲ ..."

"ဘုရားကျွန်မ ..."

"နေစမ်းပါဦး သည်ဘုရားတွေ အသာထားပြီး ရိုးရိုး ပြောစမ်းပါ၊ မနေ့က ပြောသလိုသာ ပြောပါ၊ ချို့မြလှပါတယ် ..."

"မပြောဝံ့ပါ၊ ကိုယ့်မင်းသားကို ကိုယ် ရိုသေကိုင်းညွှတ်ရမှာပါဘုရား ..."

"ရှေ့ကပဲ သွားပါ ..."

"ဘုရားကျွန်မနာမည်က ... နမ်းရည်ပါတဲ့ ..."

"မနမ်းရည်လည်း လူ၊ ကျုပ်လည်းလူ၊ ဘုရားထူး စကားပြောတာကို ဖယ်ထား၊ မနမ်းရည်ပြောတာဟာ သဘောရိုးနှင့်ကြောင့် မမှားဘူး၊ သဘောရိုးရင် လွဲနေပေမဲ့ မှန်ရမယ်၊ ကျုပ် အမျက် မထား

mgyoe.com

mgyoe.com


တတ်ပါဘူး . . .”

“ကိုယ်တော် . . .”

“မောင်ကြီးလို့ပဲ ပြောပါ . . .”

“ကိုယ့်မင်းသားကိုပဲ ကိုယ်တော်လို့ ပြောရမှာပေါ့၊ ဘုရားကျွန်မတို့ အားကိုးပါရစေ . . .”

“အားကိုးပါ . . .”

“အိမ်တော်သို့ ဝင်ဝင်ထွက်ထွက်နှင့် နေပါရစေ . . .”

“ဒါတော့နေဦး . . . ကျုပ် မကြာမီပဲ လက်ထပ်မယ်၊ လက်ထပ်ပြီးတော့ လာနေချင်ရင်တောင်လာနေ . . .”

“ခုတော့ကော ကိုယ်တော် . . .”

“လူဆိုတာ သူတစ်ပါးကို သားပုပ်လေလွင့်ပြောတတ်တယ်”

“ပြောပါစေ ကိုယ်တော်၊ မဟုတ်ရင်ပြီးတာပဲ၊ တကယ်လို့ ပြောကြရင်လည်း ဟုတ်တယ် ဘာဖြစ်သလဲလို့ ငေါ့လိုက်မှာပဲ . . .”

“ဟာ . . . သည်တော့ မနှမ်းရည် ဂုဏ်နိမ့်သွားမှာပေါ့. . .”

“မိနှမ်းသိပါတယ် ကိုယ်တော်၊ သည်လိုပြောလိုက်တော့ မိနှမ်းမှာ ဘေးကင်းတာပေါ့ . . .”

“ဘာကြောင့် . . .”

“ဟော့ . . . သည်ကောင်မလေး အပျိုမဟုတ်တော့ဘူး၊ မင်းသားရဲ့ ခါးပိုက်ဆောင်ကလေးဆိုကာ ရှားကြမှာပေါ့၊ ခုတော့ ဟိုကလိုချင်၊ သည်ကလိုချင်၊ အရည်းကလည်း ပန်းဦးကောက်ချင် . . .”

“လိုချင်ရင် အိမ်ထောင်ပြုလိုက်တာပေါ့ . . .”

“ကိုယ်တော် . . . သည်လိုမွဲနေတဲ့ မိနှမ်းရည်ကို ဘယ်သူက အတည်ယူမှာလဲ . . .”

mgyoe.com

mgyoe.com


"ဩော် . . . တမွဝတီမှာ သည်လိုရှိနေသလား . . ."

"ရှိတာပေါ့ ကိုယ်တော် . . . လှပတဲ့ မိန်းကလေး သိမ်သိမ် ငယ်ငယ်တွေဟာ ဘေးတစ်ခုပါပဲ . . ."

"ဆိုစမ်းပါဦး . . ."

"အပျိုဖော် မဝင့်တဝင်၊ အပျိုဖော်ဝင်စမှာ အရည်းကဖျက်၊ နောက်လူကုံထံများက ဖျက်နှင့် သမထီးအရပ်ကြီးမှာ အပျော်မယား၊ အပျက်မယား၊ ကလက်မယား၊ အလေမယား၊ အလေနတောမယား၊ ကသောကရောမယားကလေးတွေ အတော်များ၊ အချို့ကတော့ နတ်မိမယ်ဖြစ် . . ."

"အင်း . . ."

ထိုသို့ပြောဆိုရင်း နမ်းရည်တို့၏အိမ်ကုပ်ကလေးသို့ ရောက်သွားကြလေ၏။ ထိုအခါ ခန်းမောက်မင်းသား တွေ့ခဲ့ရသော လူကြီးသည် နမ်းရည်တို့၏ တဲကုပ်ကလေးအတွင်း၌ နမ်းရည်၏ အမေနှင့် စကားပြောနေဘိသကဲ့သို့ရှိ၏။

နမ်းရည်အမေကား နမ်းရည့်ခေါင်းပေါ်မှ မန်ကျည်းသီးတောင်းကို ချပေးလေ၏။ ခန်းမောက်ကား နမ်းရည့်အမေကိုလည်း စိတ်မစိုက်၊ ထိုလူကြီးကိုလည်း သဘောမထားဘဲ ဤသို့ပြောလေ၏။

"ရော့ . . . မနမ်းရည် အသပြာငါးကျပ် . . ."

"အို . . . ကိုယ်တော် . . ."

"ကိုယ်တော် လုပ်မနေနှင့် မင်း အလုပ် လုပ်ခ ကျပ် ပေးတာ . . ."

"ဘုရား ကျွန်မ ဘာလုပ်လို့လဲ ကိုယ်တော် . . ."

"မင်းကို ငါမနေ့က ထင်းခွေတာကို တွေ့ရတယ်၊ ကနေ့ မန်ကျည်းသီးရောင်းတာကိုတွေ့ရတယ်၊ အဲသည်လို လုပ်နေတာဟာ

mgyoe.com

mgyoe.com


တိုင်းပြည်မှာ အဖိုးတန်တယ် ဒါကြောင့် လုပ်ခကိုငါပေးတာ. . ."

နမ်းရည်သည် ဆင်းရဲသူမကလေးဖြစ်သည်အတိုင်း မင်းသားက ပေးသော အသပြာငါးကျပ်ကို လက်ခံလေ၏။ မင်းသားလည်း ဤသို့ပြောပြန်၏။

"မင်းဟာ တစ်ယောက်တည်း အဖော်မဲ့ အလုပ် လုပ်နေတာကို တွေ့တော့ အကြောင်းတစ်ခုတော့ ရှိရမယ်၊ ဒါပေ့ သည်အကြောင်းကို အသာထား၊ မိန်းကလေးဆိုတာ ကိုယ့်ကိုယ်ကိုယ်စောင့်ထိန်းမှ သူယုတ်မာ လူနောက်လူပွေများရဲ့ ဘေးကလုံနိုင်တယ်၊ ကိုယ့်ကိုယ်ကိုယ်စောင့်ထိန်းတယ်ဆိုတဲ့ မိန်းမဟာ အပျော် ပွဲလမ်းသဘင်တို့၌ နည်းရတယ်၊ ကင်းရင် သာပြီးလုံတယ်၊ အပျော်ပွဲလမ်းသဘင်မှာ ရွှင်သည်လောက်၊ သည်မိန်းကလေးဟာ ဟာပြီးပွင့်နေတယ်၊ အာပြီးပွင့်နေတယ်လို့လည်း ဆိုသင့်တယ် . . ."

"မှန်လှပါ . . ."

"အဲသည်တော့ မိန်းကလေးဆိုတာ အပျော်အပါးကင်းပြီး အလုပ်နှင့်လက်နှင့်မပြတ်မှ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းရာရောက်တယ်၊ တကယ်လို့ အကြောင်းရှိရင် သည်တံဆိပ်ကလေးကိုယူပြီး ဗြဲတိုက်သွား၊ ဗြဲတိုက်က ကျူပ်ထံပို့ပေးလိမ့်မယ် . . ."

"တိုက်ရိုက်လာရင်ကော ကိုယ်တော် . . ."

"ယခု ကျူပ်နေတဲ့အိမ်ကို ရှာတွေ့မှာမဟုတ်ဘူး . . ."

ထိုသို့ပြောဆိုကာ မင်းသားခန်းမောက်သည် ထိုအိမ်ကလေးက ထွက်ခွာသွားလေ၏။ နမ်းရည့်အမေနှင့် . . . ဝရီးသည်ကား မင်းသားကို အလွန်အံ့ဩလှစွာနှင့် ကြည့်နေ၏။ မင်းသားသည် အပိုစကားမပြော၊ လောကွတ်လည်း မလိုသည်ကို အထူးစဉ်းစားကာ နေ၍ ဤသို့ စကားပြောနေကြလေ၏။

mgyoe.com

mgyoe.com


"ဟဲ့. . . နမ်းရည်၊ မင်းသားနှင့် နင် ဘယ်လိုသိသလဲ . . ."

"မနေ့က မညက်ထွေး၊ မကွမ်းတို့က ထင်းခွေခေါ်ပါရဲ့ သူတို့နှင့် မလိုက်ပါ၊ ဘာကြောင့်လဲဆိုတော့ သူတို့ပြောတဲ့ ဆိုတဲ့ စကားများကို မကြိုက်လို့ပါ။ ဒါနှင့် တစ်ယောက်တည်းပါ ထင်းခွေသွားပြီး ထင်းစည်းကြီးကို မပင့်နိုင်တာနှင့် ထိုင်ပြီး လမ်းသွားလမ်းလာများကို စောင့်နေပါတယ် . . ."

"အင်း . . ."

"သည်အခါမှာ မင်းသားဟာ မြင်းနက်ကျော်ကြီးကို စီးကာ ရောက်လာပါတယ် . . ."

"ညည်း . . . မင်းသားမှန်းသိသလား . . ."

"သိတာပေါ့ . . ."

"ဘာကြောင့် သိသလဲ . . ."

"ကျွန်မတို့ မညက်ထွေးတို့နှင့် ကျပ်ပစ်တန်းကစားနေတော့ မင်းသားဟာ ရောက်လာပြီး ကြည့်နေရင်းက လွင့်လွင့်သွားတဲ့ ကျပ်တွေကို ကောက်ကောက်ပေးပါတယ် . . . သူ့မြင်းကြီးကလည်း လိမ္မာလိုက်တာ၊ သူ့အနားက ဘယ်ကိုမှမခွာဘူး။ အဲသည်တုန်းက မြင်းကတော့ ဖောင်းဝတ်ကြီးပါ"

"အင်း . . ."

"ဒါနှင့် မကြာမီပင် မင်းမှုထမ်းအဝတ်များကို ဝတ်ပြီး လူနှစ်ယောက် ရောက်လာကာ 'ကိုယ်တော့်နှယ်'လို့ စကားစလိုက်ရင်ပဲ သည်အမှုထမ်းနှစ်ယောက်အား လက်ပြလိုက်ကာ မြင်းကိုဆွဲပြီး မြင်းပေါ်သို့ လွှားခနဲတက်ကာ ထိုလူနှစ်ယောက်နှင့် ထွက်ခွာသွားပါတယ်၊ အဲသည်ကတည်းက ဒါဟာ မင်းသားပဲလို့ မှတ်ယူထားလိုက်ပါတယ် . . ."

mgyoe.com

mgyoe.com


"အင်း . . ."

"တစ်ခါကလည်း မင်းလယ်များကို ထွန်သောအခါ ကျွန်မ မဇေစိန်၊ မပုတို့နှင့် ထမင်းပို့လိုက်သွားပါသည်။ ထိုအခါ ခန်းမောက်သည် ထွန်စီး၍ ဝင်ရောက်ကာ လယ်ထွန်ပါသည်။ လယ်သမားများက အရှင့်သား မတော်ပါ။ မင်းသားနေရာ ကျည်းပင်ရိပ်တွင် နေပါဟု ဆိုကြရာ ခန်းမောက်က မင်းသားလယ်ထွန်လို့ မိုးမခေါင်ဘူးဗျ . . . မိုးသာကောင်းနိုင်တယ်ဆိုကာ လယ်ထွန်နေတယ်ရှင့် . . ."

"ဪ . . ."

"သည်ကတည်းကပဲ မင်းသားကို ကောင်းကောင်းမှတ်မိခဲ့ပါတယ် . . ."

"အင်း . . . ကျွန်မနှင့် တောထဲမှာတွေ့တော့ သူက မြင်းနက်ကျော်ကြီးနှင့် ကျွန်မက တကယ့် အအ အန,မ လုပ်ပြီး သူ့ကို မင်းသားမှန်းမသိသူအနေနှင့် ထင်းစည်းအပင့်ခိုင်းပါတယ်၊ သူရိုးရိုးသားသားပဲ ထင်းစည်းကို ပင့်ပေးပါတယ် . . ."

"သည်ကနေ့မှာလည်း သူ မန်ကျည်းသီးတောင်းကြီးကို ပင့်ပေးပါတယ် . . ."

"ညည်းကို မျက်စိကျနေလို့ ထင်ပါရဲ့ . . ."

"အမေ . . . အမေဟာ ကိုယ့်မင်းသားကလေးကို စကားနှင့် သက်သက်ရှုတ်ချတာပဲ၊ အင်မတန်မြင့်မြတ်တဲ့သဘောထား၊ တည်တဲ့စိတ်ဓာတ်တို့ ရှိတယ်ရှင့်၊ ကျွန်မက ကျုပ်နှင့် တော်နှင့် ရိုင်းရိုင်းစိုင်းစိုင်း ပြောပေမဲ့ သူ မူမပြောင်းဘူး . . ."

* * *

mgyoe.com

mgyoe.com

# အခန်း (၃)

နမ်းရည်၏စကားကို နမ်းရည်၏ ဝရီးဦးသံတူသည် အတော်ပင် သတိပြု၍ စဉ်းစားဟန်ရှိ၏။ ဦးသံတူသည် ခန်းလတ်မင်းကို များစွာ ကြည်ညိုနှစ်သက်သောသူဖြစ်၏။ သို့သော် ၎င်းသည် မင်းမှုထမ်းသူမဟုတ်ချေ။ အရည်းများနှင့် ရောနှောသော်လည်း ၎င်းသည် အရည်းများ၏ ခြေလှမ်းကို မျက်ခြည်မပြတ်ဘဲ အကဲခတ်ကာ ရှိနေသည့်ပြင်၊ တတ်နိုင်သမျှ ခန်းလတ်မင်း၏ ပျက်စီးရာ ပျက်စီးကြောင်းကို အရည်းများက ကြံစည်ရာရောက်လျှင် ပယ်ဖျက်လေ့ရှိလေသည်။

ဦးသံတူသည် တစ်နေ့သော် ခန်းမောက်ပေးထားခဲ့သော တံဆိပ်ကိုယူ၍ ဗြဲတိုက်သို့ သွားလေ၏။ ဗြဲတိုက်အရာရှိက ထိုတံဆိပ်ကို ကြည့်ပြီးသော် ဗြဲတစ်ယောက်ကို ခန်းမောက်ထံသို့ ပို့စေလေ၏။

ခန်းမောက်လည်း ထိုသူကို သေချာစွာကြည့်၍ မှတ်မိသောအားဖြင့် ဤသို့ဆိုလေ၏။

"ကိုင်း . . . ထိုင်ဗျာ . . . ဘာကြောင့် ခေါင်းမှာ အနီပတ်ကို

mgyoe.com

mgyoe.com


မပတ်ခဲ့ပါသလဲ . . .”

“ကိုယ်တော်၊ ကိုယ်တော်ကလေးထံမှာ လျှောက်ထားစရာ အထူးရှိတာနှင့် လာရောက်ခဲ့ပါတယ်ဘုရား . . .”

“ဆိုစမ်းပါဦး . . .”

“သည်အရည်းဝဏ္ဏဓဇသည် သာမန်အရည်းမဟုတ်ပါ။ အတော်ဉာဏ်သွား၍ စကားတတ်ပါသည် . . .”

“အင်း . . .”

“သူသည် လူ့သဘာဝကျမ်းဟု ကျမ်းတစ်ကျမ်း ရေးထားပါသည်။ ထိုကျမ်းကို အထပ်ထပ်ဆေးကြော၍ ယခုအချောကိုင်နေပါသည် . . .”

“ဟုတ်ကဲ့ . . .”

“သို့သော် ထိုကျမ်းကို အရှင့်ခမည်းတော် လက်ထက်တော်မှာ ထင်ပေါ်စေမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အရှင့်ခမည်းတော်သည် ထိုကျမ်းကို လွယ်လင့်တကူနှင့် ပြေလည်စေနိုင်မည်ဟု ဝဏ္ဏဓဇသည် ယူဆပါသည်”

“အင်း . . . ဦးရဲ့နာမည် . . .”

“မောင်သံတူပါတဲ့ . . .”

“ဦးလေးသံတူဟာ ဘာကြောင့် သည်လိုသိပါသလဲ”

“ကျေးတော်မျိုးကား ရာဇသင်္ကြံ၏ အဆောင်ကိုင်ဖြစ်ခဲ့၍ မျက်လှည့်ကြီးနှင့် ဓာတ်အတတ်ကို သာမန်သူတစ်ပါးအား လှည့်စားနိုင်အောင်တတ်ပါသည် . . .”

“အင်း . . .”

“ကျွန်တော်မျိုးသည် ထိုအတတ်ပညာနှင့် ဝဏ္ဏဓဇအား လှည့်စား၍ကျွန်ုပ်သည် ဝမ်းတွင်းစုန်းဟု ခြိမ်းခြောက်ပြီးသော်

mgyoe.com

mgyoe.com


ကျွန်တော်မျိုး၏ အလိုနိုင်ငံသို့ သူ့အားလိုက်ပါစေပါသည်။ သူသည် ထိုသဘောကြောင့် ကျေးတော်မျိုးအား သူ့ကျမ်းကိုပြပါသည် . . .”

“ဩော် . . .”

“သည်ကဲ့သို့ သူ့ကျမ်းကို မပေါ်စေသော်လည်း သူယုံကြည်ရ၍ သူ့အလိုကျလိုက်ပါလာသော အရည်းများအား ထိုဝါဒကို သင်ပေးပြီးသော် လူများထံမှာ နားမှုတ်စေပါသည် . . .”

“သည်ကျမ်းရဲ့သဘောကို အကျဉ်းအားဖြင့် ပြောစမ်းပါခင်ဗျာ . . .”

“သည်လိုပါ . . . ကိုယ်တော် . . .”

“အင်း . . .”

“နိုင်ငံတော်တစ်ခု၌ ရှင်ဘုရင်ရှိအပ်သည်၊ ထိုရှင်ဘုရင်ကား ရဟန်းမင်း ဖြစ်သည်။ ရဟန်းမင်းသည် နိုင်ငံတော်တစ်ခု၏ ရှင်ဘုရင်အစစ် ဖြစ်သည် . . .”

“အင်း . . .”

လူရှင်ဘုရင်ဖြစ်သော်ကား လက်နက်နှင့် တိုင်းသူပြည်သားပေါ်မှာ အနိုင်ကျင့်၍ စိုးမိုးနေသော အာဏာရှင်မျှသာ ဖြစ်ချေသည်။ ရှင်ဘုရင်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ရှင်ဘုရင်ဖြစ်သော လူဝတ်ကြောင်သည် သူနှင့် သူ့မိဖုရားများ၊ နန်းတွင်းသူ နန်းတွင်းသားများ၊ ဆွေတော်မျိုးတော်များတို့အတွက် စည်းစိမ်ရှိရှိနှင့် ဇိမ်ခံနိုင်ရန် လယ်ယာမြေပယ်များကို မြောက်မြားစွာ နိုင့်ထက်စီးနင်းသဘောနှင့် အာဏာကိုသုံး၍ ယူထားလေသည်။

“အင်း . . .”

“ထိုလယ်ယာ မြေပယ်များ၌ ရှင်ဘုရင်ဆိုသူ၊ အိမ်ရှေ့မင်း

mgyoe.com

mgyoe.com


ဆိုသူ၊ အဘယ်မင်းသား တစ်ပါးပါးတို့သည် လယ်တစ်ကွက်ကို ညက်အောင်မထွန်၊ အဘယ်မိဖုရားမျှ ကောက်မစိုက်၊ အဘယ်မင်းသမီး အဘယ်အပျိုတော်မျှ ကောက်မစိုက်၊ အဘယ်မင်းသားမျှ ကောက်မရိတ်။ တလင်းမနယ်၊ လူများကိုခိုင်းစေ၍ရသော ကောက်ပဲသီးနှံတို့ကို ဘုရင့်ကျီတော်သို့ သွင်းကြရသည်၊ လယ်ထွန်သူ၊ လယ်စိုက်သူ၊ လယ်ရိတ်သူစသော အလုပ်သမားတို့ကား မင်းက ပေးသမျှကိုသာ ယူကြရ၍ ကျွေးသမျှကိုသာ စားကြရသည်။ ထို့ကြောင့် ထိုသူသည် လက်နက်ကို အစိုးရသော အာဏာရှင်မျှသာ ဖြစ်ချေသည်။ ရှင်ဘုရင် မဟုတ်ချေ . . .”

“အလုပ် မလုပ်သောသူသည် မစားထိုက်၊ မဝတ်ထိုက်၊ တိရစ္ဆာန်သည် အလုပ်မလုပ်၍ အဝတ်မဝတ်ရချေ”

“သြော် . . . သည်လိုကိုး . . .”

“သူဌေး၏ အမှုလုပ်များနှင့် အလုပ်သမားများ၊ အလုပ်ရုံအလုပ်သမားများတို့၌လည်း ငွေတည်းဟူသော လက်နက်ကို အသုံးပြု၍ အာဏာရှင်အဖြစ်နှင့် အလုပ်သမားများကို ခိုင်းစေကာ အလုပ်ရုံပိုင်ရှင်နှင့် သူဌေးသူကြွယ်မြေပိုင်ရှင် ကုန်သည်ကြီးများသည် ဇိမ်ယစ်ကာ အလုပ်မလုပ်ဘဲ စားသောက်နေကြသည်ဟု ပါရှိပါသည်။ ၎င်း၏ ဩဇာခံ တပည့်အရည်းများသည် ကျိတ်၍ လူထုအား တီးတိုးဝါဒဖြန့်နေပါသည် . . .”

“အင်း . . . အတော့်ကို စဉ်းလဲတဲ့သဘောပဲ . . .”

“လူပေါင်းများစွာ မျှစ်ဟင်းချို၊ ချဉ်ပေါင်ဟင်းရည်၊ ဘူးသီးဟင်းချိုနှင့် ငရုတ်သီးထောင်းမျှကိုသာ စားနေရပါလျက် ဝက်သားဟင်း၊ ကြက်သားဟင်း စသည်ဖြင့် ဟင်းလေးငါးခွက်နှင့် စားနေသောသူများသည် အလုပ်သမားများ၏ သွေးကိုစုပ်နေသော သွေးစုပ်

mgyoe.com

mgyoe.com


ဘီလူးများသာလျှင် ဖြစ်နေပေသည် ...”

“အင်း ...”

“များစွာသောသူတို့သည် ဖိနပ်မျှမပါဘဲ ခြေကျင်သွားနေကြရပါလျက် မြင်းနှင့်၊ ဆင်နှင့်၊ ဝေါနှင့်၊ ယာဉ်နှင့်၊ ရထားနှင့်၊ လှည်းနှင့် ဂုဏ်ရှင်ဟူ၍ သွားလာနေကြသော သူများသည် ငွေရှင်၊ ကြေးရှင်၊ အာဏာရှင်အဖြစ်နှင့် သူတစ်ပါးကို စော်ကားနေသော အစိမ်းသရဲများ ဖြစ်ချေသည် ... တဲ့ ...”

“အင်း ...”

“များစွာသောသူတို့မှာ ချည်ထည်အဝတ်ကြမ်းကိုပင် ထည်လဲမဝတ်နိုင်ပါဘဲလျက်၊ အလွန်နူးညံ့သည့် ပိုးထည်စသော အဝတ်ကောင်း တန်ဆာကောင်းတို့ကို ဆင်မြန်းကာ နေလေ့ရှိသော သူတို့သည် ဆင်းရဲသူဟု သူတို့လူတန်းစားခွဲထားသူများအပေါ်၌ မရှက်မကြောက် စော်ကားနေခြင်းဖြစ်ချေသည် ...”

“အင်း ... အတော်ထိတဲ့ဝါဒပဲ ...”

“မိမိမူကား နန်းတော်၊ နန်းဆောင်၊ ရွှေဗိမာန်ကြီးနှင့် နေတုံလျက်လည်းကောင်း၊ အိမ်ကြီးအိမ်ကောင်း အဆောက်အအုံကောင်းတို့နှင့် တင့်တယ်စွာ စည်းစိမ်ယစ်နေသော သူတို့သည်လည်းကောင်း၊ အိမ်ဆိုး၊ အိမ်ပုတ်၊ တဲကုပ်ကလေးများနှင့် နေရသော သူပေါင်းများစွာကို နင်တို့နှင့် ငါသည်မတူဟု နှိမ့်ချထားပြီးသော် စော်ကားသကဲ့သို့ ဖြစ်ချေသည်”

“အင်း ...”

“နတ်ဘုံသည် နတ်တို့စံစားစရာ၊ ကောင်းကင်ဘုံသည် ကောင်းကင်သားတို့ စံစားစရာ ဇိမ်ယစ်စရာဖြစ်ဘိသကဲ့သို့ လူ့ဘုံသည် လူတို့စံစားစရာ၊ လူတို့ဇိမ်ယစ်စရာ ဖြစ်ဘိသည်။ သို့ကလို

mgyoe.com

mgyoe.com


ဖြစ်တုံလျက် ဆင်းဆင်းရဲရဲနှင့် နေစရာမလုံမလောက်၊ အဝတ်ချို့ချို့ ငဲ့ငဲ့၊ စားစရာမပြည့်စုံ၊ စားသောက်ချင်သလို မစားမသောက်ရသော သူပေါင်းများစွာကို မမြင်မသိဘဲနှင့် ငါရှင်ဘုရင်၊ ငါအမတ်ကြီး၊ ငါဝန်ကြီး၊ ငါသူဌေးကြီး၊ ငါသူကြွယ်ကြီး၊ ငါကြွယ်ဝချမ်းသာသူ၊ ငါ အစိုးတရပိုင်နိုင်သူ၊ ငါ ငွေရှင်ကြေးရှင်ဟု လောက၏စည်းစိမ်ကို ယူနေသောသူများသည် လောကကို ကျိန်ဆဲခြင်းဖြင့် စော်ကားနေသူ များဖြစ်ချေသည် . . . "

"အင်း . . . အတော်ဆိုးသော ဝါဒပါတကား . . . "

"ကိုယ်တော်ကလေး သတိပြု စဉ်းစားတော်မူပါဦး ဘုရား . . . လူချင်းသည် လောကမှာ အတူတူဖြစ်သည်။ လက္ခဏာ၊ ခြေခဏာဆိုသည် ၎င်း၏ အနေအထိုင်အကျင့်အားဖြင့် ပေါ်ပေါက်သော အရေးအကြောင်းများသာ ဖြစ်ချေသည်။ မွေးဖွားသော နေ့ရက် အချိန်ဆိုသည်မှာလည်း သဘာဝသဘောမျှသာ ဖြစ်ချေသည်။ နံနက်ချိန်မှာမွေးသော သမင်တစ်ကောင်၊ ဝက်သုံးကောင်ထက်၊ ညနေချိန်မှာ မွေးသော သမင်တစ်ကောင်၊ ဝက်သုံးကောင်က တိုး၍ ဆူဖြိုးသလော၊ မည်သို့နည်း၊ မည်သည့်အသားက ပို၍ အရသာရှိသနည်း။ နံနက်မွေးခြင်းသည် နံနက်မွေးခြင်းမျှသာ ဖြစ်၍ ညနေ၊ ညမွေးခြင်းသည် ညနေ၊ ညမွေးခြင်းမျှသာ ဖြစ်သည်။ သင်းတို့၏ အသားအရသာကား အတူတူပင်ဖြစ်ချေသည်။ ထို့ကြောင့် လူနှင့်လူချင်းသည် အတူတူပင် ဖြစ်ပေသည်။ မတူဟုဆိုသူသည် လောကမှာ ဦးစားယူနေသော သူများ ဖြစ်ကြသည် . . . "

"အင်း . . . တကယ့်ဝါဒပဲ၊ လူများလိုက်ပါကြသလား"

"ကိုယ်တော် . . . လောကဆိုတာ . . . အခက်သားကလား. . . ကိုယ့်ထက်သာတဲ့လူ၊ ကိုယ့်ထက် အထက်ရောက်တဲ့

mgyoe.com

mgyoe.com



လူကို ငြူစူတဲ့လူ၊ မနာလိုတဲ့လူတွေဟာ တစ်ရာမှာ ကိုးဆယ်လောက် ရှိပါတယ် . . . အဲသည်တော့ သည်ဝါဒကို ဖြန့်ဖို့ရာ သိပ်လွယ်ကူနေတာပေါ့ . . . ယခု ဝဏ္ဏဓဇရဲ့ အရည်းငယ်များက တိတ်တိတ် လက်တို့သဘောနှင့် ဝါဒဖြန့်နေကြလို့ အောက်တန်းစားပေါင်း များစွာဟာ သူတို့ရဲ့ဝါဒကို အတော်ပဲစွဲနေကြပါတယ်။ အရေးရှိသော် ဖြုန်းကနင်းပေါ်လာဖို့ရန် ကြံစည်နေတာပဲ . . ."

"အင်း . . . မှန်ရင် တကယ့်လူစုပဲ၊ ဝဏ္ဏဓဇကို သူတော်ကောင်းထင်တာဟာ အတော်လွဲနေတာပဲဟု ထင်စရာဖြစ်နေတော့ပြီ . . ."

"ကိုယ်တော်ကလေး . . . ၎င်းရဲ့ ကျမ်းထဲမှာ . . . ကိုယ်သောက်ဖို့ ရေကို ကိုယ်မခပ်တဲ့လူ၊ ကိုယ်စားတဲ့ ခွက်ယောက်ကို ကိုယ်မဆေးတဲ့လူ၊ ကိုယ့်အဝတ် ကိုယ်မလျှော်ဖွပ်တဲ့လူလောက်၊ လောကရဲ့ကြီးတဲ့ရန်သူမရှိ၊ ထိုသူတို့သည် နိုင်သလို ဖိစီး ညှဉ်းဆဲနေတဲ့သူများလို့ အတိအလင်း ဖော်ပြထားပါတယ် . . ."

"ခု သည်ကျမ်းကိုထုတ်ပလား . . ."

"မထုတ်သေးဘူး ကိုယ်တော်၊ ထုတ်အောင် တိုက်တွန်းနေတာပဲ . . . ကိုယ်တော့်ခမည်းတော်ကို အတော်လန့်နေပါတယ် . . ."

"သည်ကျမ်းဟာ သူ့ထံမှာလား . . ."

"တစ်ပိုင်းတစ်စကိုသာ သူ့ထံမှာထားပြီး ကျမ်းကြီးကို ဝှက်ထားပါတယ် . . ."

"ဦးလေးတော် အထူးကျေးဇူးတင်ပါတယ် . . ."

"ကိုယ်တော်တစ်ခု တောင်းပန်ချင်ပါတယ် . . ."

"ဘာလဲ . . ."

"နက်ဖြန် သစ်စိမ့်တောကို ကြွတော်မူနိုင်လျှင် ကြွတော်မူစေ

mgyoe.com

mgyoe.com


လိုပါတယ် . . . ”

“ကောင်းပြီလေ . . . မွန်းတိမ်းသာသာမှာ ရောက်အောင် လာခဲ့မယ် . . . ”

ထိုသို့လျှင် ဦးသံတူသည် မင်းသားခန်းမောက်ထံမှ ပြောဆို၍ ပြန်သွားလေ၏။

ခန်းမောက်မင်းသားသည် သံတူပြောသွားသော . . . စကားတို့ကို စဉ်းစားခြင်းမရှိဘဲ ယုံကြည်လေသလော။ သံတူသည် မည်ကဲ့သို့သော သူနည်း၊ သံတူနှင့် ခန်းမောက်သည် ရှေးက သိကျွမ်းခဲ့သောသူမဟုတ်၊ ယခုမှ တွေ့ဆုံကြသောသူနှစ်ဦး ဖြစ်ချေသည်။ ထိုကဲ့သို့တွေ့ရသောသူကို ခန်းမောက်သည် ယုံကြည်မိခြင်းမှာ ၎င်း၏ ဘေးကို ၎င်းသည် ဖန်တီးလိုက်ရာ ရောက်သတတ်လော . . . ။

သံတူကို ခန်းမောက်သည် စ၍တွေ့စဉ်မှာ စက်ဆုပ်ဖွယ်သောသူအဖြစ်နှင့်သာ တွေ့ရလေသည်။ ၎င်းနောက် နမ်းရည့်အိမ်မှာ သံတူကို တွေ့ရပြန်ရာ၊ သံတူနှင့် နမ်းရည်သည် မည်ကဲ့သို့တော်သည်ဟု မသိချေ။ သံတူ၏ နာမည်ကိုလည်း မသိခဲ့ချေ။ ထိုအိမ်၌ ခန်းမောက်သည် နမ်းရည်ကိုသာ စကားပြောခဲ့၍ သံတူကိုသော်လည်းကောင်း၊ နမ်းရည့်အမေကိုသော်လည်းကောင်း စကားပြောရန်ထား၊ နှုတ်ခွန်းဆက်စကား တစ်ခွန်းတလေကိုမျှပင် မပြောချေ။

ထိုသို့သော မင်းသားခန်းမောက်သည် သန်ဘက်ခါ အိမ်ရှေ့မင်းအဖြစ်ကို လက်ခံမည်။ ဖိန်းနွဲခါ မင်းသမီးတစ်ပါးနှင့် လက်ထပ်ပွဲကို ခံယူမည်။ ယနေ့သံတူ၏ ဖိတ်ခေါ်ရာသို့ သွားမည်။ ထိုမင်းသားသည် မည်သို့သော မင်းသားနည်း . . . ။

ခန်းမောက်သည် သံတူနှင့် ချိန်းဆိုရာနေရာသို့ မိမိ၏ စီးတော်မြင်း ဖောင်းဝတ်ကိုစီး၍ သွားရောက်လေ၏။ သံတူသည်

mgyoe.com

mgyoe.com


အသင့်စောင့်ဆိုင်းနေ၏။ သံတူသည် နောက်ပါလက်စွဲတော် တစ်ယောက်မျှမပါဘဲ လာရောက်သော ခန်းမောက်ကို တွေ့ရလတ်သော် စွမ်းရည်ပြည့် မင်းသားပါတကား၊ ရဲစွမ်းနှင့် ပြည့်စုံလေစွတကား၊ မင်းအဖြစ်နှင့် အလွန်သင့်တော်ပေသည်ဟု နှစ်သက်ခြင်းဖြစ်၍ ကျွန်ရင်းပင်ခလိုသောစိတ်သည် ပြင်းပြစွာ ပေါ်လာလေ၏။

သံတူသည် မင်းသားစီးလာသောမြင်းကို တစ်ခုသော မြင်းဇောင်း၌ အစာကျွေးကာထားခဲ့၍ မင်းသားကို အလွန်သာယာသော ဂူကြီးအတွင်းသို့ ပင့်သွားလေ၏။

ဂူကြီး၏အတွင်း၌ကား အလွန်အေး၍ အလွန့်အလွန် သာယာတင့်တယ်ကာရှိလေ၏။ ထိုသို့သာယာသော ဂူကြီးအတွင်း၌ ပန်းတင်ခုံကို မျက်နှာချင်းဆိုင်ကာ ထိုင်ကြရာတွင် နမ်းရည်သည် များစွာယဉ်ကျေးသိမ်မွေ့ခြင်းဖြင့် ဧည့်ဝတ်တော်ကို ကုံစေလေ၏။

သံတူနှင့် ခန်းမောက်သည် ဤသို့လျှင် ပြောဆိုနေကြလေ၏။

"ကိုယ်တော် . . . ဝဏ္ဏဇေကို ဖြုတ်လိုက်တော့မယ် . . ."

"ဟာ . . . မတော်တာ . . ."

"နိုင်ငံနှင့် မသင့်မလျော်၊ နိုင်ငံပျက်စီးအောင် လုပ်နေတာကို ကြည့်နေရမှာလား . . ."

"ပျက်စီးအောင်လုပ်လို့ ဘာဖြစ်မှာလဲ ဦးသံတူရယ်"

"ကိုယ်တော်စဉ်းစားလေ၊ သူ့ကျမ်းဂန်ကို ထင်ရှားအောင် ထုတ်လိုက်ပြီး သူ့အရည်းများကို သွေးငင်စေသောအခါ သူဆင်းရဲပေါင်းများစွာသည် အုံကြွပြီးလျှင် နိုင်ငံတော်မှာ ရှေ့ဦးစွာ လူကုံထံများ၊ သူဌေးသူကြွယ်များ ကင်းရှင်းသွားအောင်လုပ်မှာပါ . . ."

"သည်တော့လည်း သူဌေးသူကြွယ်များထံက ပစ္စည်းဥစ္စာများဟာ နိုင်ငံတော်မှာ ပျံ့နှံ့ပြီး ဆင်းရဲသူများရဲ့ လက်ထဲရောက်မယ်

mgyoe.com

mgyoe.com


မဟုတ်လား ...”

“ကိုယ်တော့်နှယ် ... ဘာဟုတ်မလဲ ...”

“ဆိုစမ်းပါဦး ...”

“အဲသည်သူဌေး၊ သူကြွယ်၊ လူကုံထံများရဲ့ ရတနာရွှေငွေ ဥစ္စာပစ္စည်းအရပ်ရပ်ကို အရည်းများသာလျှင် ထိန်းသိမ်းထားခွင့်ရှိပြီး၊ အရည်းများက လူများအား ဝေခြမ်းပေးရမတဲ့၊ အရည်းသာလျှင် လူများ၏ ကိုးကွယ်ရာဖြစ်၍ တရားရှင်ဖြစ်သတဲ့၊ ဒါမှ နိုင်ငံသူ နိုင်ငံသား အဆင့်အတန်းမခြားဘဲ ကောင်းစားနိုင်မတဲ့ သူ့ကျမ်းအဆို၊ သူ့အရည်းများအဟော ...”

“ဒါကို သူတို့အား ကိုးကွယ်တဲ့ အရည်းတပည့်များ၊ သူဌေး သူကြွယ် လူကုံထံများက မသိကြသေးဘူးလား”

“ကိုယ်တော်ကလေးနှယ် ... ဘာအသိခံဦးမှာလဲ၊ အောက် လက်ပိုင်း လူများစုများမှာသာ လက်တို့ဝါဒဖြန့်နေကြတယ်၊ လက်တို့ ဝါဒဟာ စင်မြင့်ပေါ်က လွင့်လာတဲ့ အသံထက် တန်ခိုးကြီးလှပါ တယ်...”

“အင်း ... သည်သဘောကို သူဌေးသူကြွယ်၊ လူကုံထံများ သိကြလျှင် သူတို့ထမင်းအငတ်ပဲ ...”

“ဒါလောက်တော့ သူတို့ နားလည်ပါတယ် ...”

“အင်း ...”

“ထို့ပြင် မြေယာများကို ကိုယ်တိုင်ထွန်ယက်လုပ်ကိုင်သူများ သာလျှင် ပိုင်ဆိုင်သင့်သည်။ သူဌေးသူကြွယ်များ၊ မှူးမတ်များ၊ ဝန်ကြီးများတို့နှင့် ရှင်ဘုရင်သည် လယ်ယာမြေကိုင်းကျွန်း စသည် တို့ကို ၎င်းတို့ကိုယ်တိုင် လုပ်ကိုင်ခြင်းမရှိဘဲ ဆင်းရဲသားများကို နှိုင့်ထက်စီးနင်းပြုကာ ခိုင်းစေကာ စားသောက်နေထိုင်သူ စည်းစိမ်

mgyoe.com

mgyoe.com


ရှင်များဖြစ်ကြသည်။ ၎င်းတို့ကို ရဟန်းမင်းနိုင်ငံဖြစ်သောအခါ ပြုပြင်ပေးနိုင်သည်ဟု လက်တို့ကာ ဆွဲဆောင် သိမ်းသွင်းကြခြင်းဖြင့်လည်းကောင်း၊ အလုပ်ရုံအသီးသီးများကိုလည်း အလုပ်သမားများသာ ပိုင်သင့်သည်ဟု ပြောဟောကြခြင်းဖြင့်လည်းကောင်း အောက်တန်းစားလူပေါင်းများစွာသည် အရည်းများဘက်သို့ ယိုင်နေကြပါပြီ ...”

“အင်း ...”

“ထို့ကြောင့် အရည်းဝဏ္ဏဓဇကို ဖျောက်ဖျက်ပစ်မှသာ နိုင်ငံတော်စည်ပင်သာယာ အေးချမ်းဖို့ရှိပါသည်ဘုရား”

“ဦးသံတူ၊ အကယ်၍ သူသေစေကာမူ သူ့ကျမ်းသည်မသေ၊ သူ့ကျမ်းမသေ၍ သူ့ဝါဒလည်း မသေဘဲ အမြစ်တွယ်ကာ ရှိနေပေလိမ့်မည်။ ထို့ကြောင့် သူရေးသောကျမ်းကို ရအောင်ယူပြီးသော် ဖျောက်ဖျက်ပစ်ဖို့ရန်သာ သင့်သည် ...”

“ကိုယ်တော်ကလေး၏ သဘောအယူအဆလည်း မှန်လောက်ပေသည်၊ ထို့ကြောင့် ထိုကျမ်းကို ကျေးတော်မျိုးရအောင် ကြိုးစားပါမည် ...”

“ဝမ်းသာပါသည်၊ ဦးသံတူအား ကျွန်တော် တစ်ခုမေးချင်ပါသည် ...”

“ကိုယ်တော်ကလေး၊ ကိုယ်တော်ကလေး မေးလိုသည်ကို သိ၍ ကျေးတော်မျိုးပင် ရှင်းပြပါမည် ...”

“ဟုတ်ကဲ့ ...”

“နမ်းရည်သည် ကျေးတော်မျိုး၏ တူမအရင်းဖြစ်ပါသည်။ ကျေးတော်မျိုးသည် ရာဇသင်္ကြံထံတွင် အလုပ်လုပ်ကိုင်နေရာ။ မိမိ၏သခင်ကဲ့သို့ပင် လူပျိုကြီးပြုလုပ်နေပါသည်။ ထိုအခါ နှမဓိသူဇာကိုလည်း ငါပင် လူပျိုကြီးပြုလုပ်နေ၍ နင်လည်း အပျိုကြီးပြုလုပ်နေပါ

mgyoe.com

mgyoe.com


ဟု ဆိုသဖြင့် မိသူဇာလည်း အပျိုကြီးပြုံးလုပ်နေပါသည် ...”

“ထိုသို့သော အခိုက်အတန့်၌ အရည်းများကို ဘုရင်မင်းအဆက်ဆက်က နှိမ်လာခဲ့ရာ ခန်းလောက်မင်းလက်ထက်တော်ကစ၍ အရည်းများကို များစွာနှိမ်နင်းပါသည်။ အရည်းများသည် ရဟန်းကြီးများနှင့်အတူ ကျင့်သုံးနေထိုင်ကြ၍ အရည်းနှင့် ရဟန်းကြီးများကို လွယ်လင့်တကူနှင့် မနှီးရင်းသောသူတို့သည် ကွဲကွဲပြားပြား မသိကြတော့ပေ ...”

“ဟုတ်ပါပေတယ် အသွင်ချင်းတူပေမင့် ထိုရဟန်းကြီးများသည် ဦးပြည်းပြူ၊ သင်္ကန်းတော်ကိုရုံ၊ ခွက်နက်နှင့် ဆွမ်းခံ၊ အရည်းတို့လည်း ထို့အတူပြုလာကြတော့ အဘယ်မှာ ကွဲပြားပေတော့မလဲ. . .”

“တရားပြနှင့် စကားအလှ အလွန်လည်ပတ်သော အရည်းတစ်ပါးသည် မိသူဇာထံတွင် လာရောက် ဆွမ်းခံရာ မိသူဇာလည်း ကြည်ညိုသဖြင့် မပြတ်ဆွမ်းလောင်းပါသည်။ ကြာလာသော် မိသူဇာသည် ထိုအရည်းကို အိမ်တွင်ထိုင်ကိုယ်တော်အဖြစ်နှင့် ကြည်ညိုလွန်းသောကြောင့် ဖိတ်လေတော့ပြီ ...”

“ကြည်ညိုလွန်းသဖြင့် မိသူဇာ၏ သဒ္ဓါသည် ထိုအရည်းအပေါ်၌ တိုး၍တိုး၍သာ ပေါက်ပွားလာရာ မိန်းမတို့သဘာဝအတိုင်း အရည်းဟောသောတရားတို့ကို တရားစစ်တရားမှန် ထင်လာလေတော့ပြီ။ ဉာဏ်မကျယ်စားတတ်သောသူ၏ သဒ္ဓါသည် အချစ်သဘောသို့ ရောက်လာရန် အခြေတည်ခြင်းဖြစ်ပါသည် ...”

“မှန်ပါပေသည် ...”

“မိန်းမတို့သည် ချစ်သောသူပြောသောစကားကို စွဲစွဲမြဲမြဲ ယုံကြည်တတ်လေသည် ...”

“ဟုတ်ပါတယ် ...”

mgyoe.com

mgyoe.com


"အရည်းသည် အပဒါန၊ အတွင်းဒါနကို ဟော၍ ကာမမေထုန်လျှုခြင်းသည် အတွင်းဒါနဖြစ်၍ မြတ်သောလျှုခြင်းဟု ဟောလေသည်။ ၎င်းကို သူဇာသည် ယုံကြည်၍ အရည်းအား ကာမမေထုန်ကို အမြဲမပြတ်လောက်ပင် ပြုလေတော့ပြီ ..."

"ဟုတ်ကဲ့ ..."

"ထိုသို့နှင့် မိသူဇာတွင် နှုတ်ပိုက်ကိုယ်ဝန်ကပ်တော့ပြီ ... ထိုသဘောကို အရည်းသည်သိသော် မင်းဒဏ်ခံရမည်ကို စိုးသဖြင့် သူဇာထံသို့ မလာတော့ရုံမျှမက အခြားတစ်ပါးသို့ ထွက်သွားပြီးလျှင် တိမ်းရှောင်လေတော့ပြီ ..."

"ကိလေသာမကုန်သေးသော ယောကျာ်းထံ၌ သဒ္ဓါပိုက်လွန်းသော မိန်းမသည် ထိုသဒ္ဓါကြောင့် အရှက်တကွဲအကျိုးနည်းဖြစ်ရတတ်ချေသည် ..."

"အင်း ..."

"ထိုသို့သော သဘောသွားကို ကျေးတော်မျိုးသည် သိသောအခါ ငါ့နှမမှာ စောင့်ရှောက်မည့်သူ ကင်းမဲ့သောကြောင့် အရှက်ကွဲရပေတော့ပြီဟု ရာဇသင်္ကြံထံမှ အခွင့်တောင်းကာ ထွက်လာခဲ့ပါသည်။ ကျေးတော်မျိုးသည် မိသူဇာကို အရည်းဝါဒလွှမ်းမိုး၍ အရည်းများအား ကိုးကွယ်သူများသည် အရပ်သို့ ပို့ထားကာ ၎င်း၏ နှုတ်ပိုက်သည် နဂါးမင်းကြီးနှင့် သင့်ပါသည်ဟု လောကကို လီဆယ်ရတော့ပြီ။ သြဇာရှိသော အရည်းများကလည်း ထိုသဘောကို ထောက်ခံကြပါသည် ..."

"ဟုတ်ကဲ့ ..."

"သည်တော့ အရည်းများနှင့် မဆက်ဆံရအောင် အင်မတန်ဆင်းရဲတဲ့အသွင်နှင့် နှမနှင့် တူမကလေး နမ်းရည်ကို စောင့်ရှောက်ကာ

mgyoe.com

mgyoe.com

ထားရတယ်၊ ကျေးတော်မျိုးလည်း မော်ဆရာကြီး လုပ်ပြီး အရည်း လောကကို လှည့်စားနေရပါတယ် . . .”

“ဩော် . . . သည်လိုကိုး . . .”

“ကျေးတော်မျိုး ခုသဘောသွားကို လျှောက်တင်ခဲ့ရပါပြီ။ ယခုဝဏ္ဏာဇရဲ့ကျမ်းကို ဘယ်လိုသိုဝှက်ထားတယ်၊ ဘယ်လိုလျှို့ဝှက်ကာ ကြံစည်နေတယ်ဆိုတာကို စုံစမ်းပါဦးမယ်၊ ကျေးတော်မျိုးကို အခွင့်ပြုပါဦး . . .”

“ကောင်းပါပြီ . . .”

ဦးသံတူသည် ဂူကြီးအတွင်းမှ ထိုကဲ့သို့ ခန်းမောက်နှင့် ပြောဆိုပြီးသော် ထွက်သွားလေ၏။ ထိုအခါ နမ်းရည်သည် ခန်းမောက်၏ အနီးသို့ လာရောက်၍ သာယာသော ဂူကြီး၏အတွင်းတွင် မျက်နှာချင်းဆိုင်ကာ ထိုင်နေလေ၏။

ဂူကြီးကား စိမ်းစိုပျိုနုသော တောကြီးအတွင်းမှာ တည်ရှိ၍ တိတ်ဆိတ်ကာရှိနေ၏။ ဂူအတွင်းမှာလည်း အလွန်တိတ်ဆိတ်လျက် နမ်းရည်သည် မျက်ရည်ကလေး ဝိုင်းနေသလိုလိုနှင့် ခေါင်းကိုငုံ့ကာ ရှိသော်လည်း ၎င်း၏စိတ်သည် ခန်းမောက်၏ထံသို့ ရောက်သကဲ့သို့ ရှိ၏။ ခန်းမောက်သည်လည်း နမ်းရည်၏ လာရသည့်လမ်းစဉ်ကို သိသဖြင့် နမ်းရည်အပေါ်၌ သနားခြင်းဖြင့် နမ်းရည်ကို မကြည့်ရက်အောင် ဖြစ်ဘိ၏။ ထိုသို့စိတ်ထားနှင့်အညီ အရည်းများကို စိတ်တွင် ထင်ပေါ်လာလျက် ၎င်းတို့၏အပေါ်၌ ဒေါသစိတ်သည် စွန်းကွက်လာလေတော့၏။

ခန်းမောက်သည် သံတူ၏ထောင်ဖမ်းခြင်းဖြင့် အမိခံရပြီလော၊ သံတူကိုယ်တိုင် အရည်းဝဏ္ဏာဇနှင့် ရောပွမ်းကာ အဖွဲ့ကျသည်ကို ခန်းမောက်သည် သိသည်။ သံတူသည် အရည်းဘက်သား

mgyoe.com

mgyoe.com


လုံးလုံးဖြစ်ခဲ့သော် အရည်းများ၏ လက်တွင်းသို့ ခန်းမောက်သည် မုချကျနိုင်ပေသည်။

ခန်းမောက်သည် မင်းသားဖြစ်သည်အတိုင်း ထိုသဘောကို မသိပြီလော။ ခန်းမောက်သည် မည်ကဲ့သို့ ခန်းမောက်နည်း။ တစ်ကိုယ်တော်တည်း ထိုကဲ့သို့ သွားလာနေသည်မှာ အစွမ်းရှိ၍လော၊ သို့တည်းမဟုတ်ရမ်း၍လော၊ သို့တည်းမဟုတ်ကန်း၍လော၊ သို့တည်း မဟုတ် အ,ဖျင်း၍လော . . .။

ခန်းမောက်သည် နမ်းရည်အား ဤသို့စကားကို ဂူကြီး အတွင်း၌ ဆိုတော့ပြီ . . .

"မင်း စိတ်မချမ်းသာဘူးလား . . ."

"ကိုကိုဘုရား . . . ဘုရားနှမကလေး အဘယ်မှာ စိတ်ချမ်း သာနိုင်ပါ့မလဲ . . ."

"ဘာများပူစရာရှိလို့လဲ . . ."

နမ်းရည်သည် တစ်စုံတစ်ရာမျှမပြောဘဲ တရှုပ်ရှုပ်နှင့် ငို လေတော့၏။ ခန်းမောက်လည်း ဤသို့လျှင် စကားကို ဆိုတော့၏။

"မင်းလာခဲ့တဲ့လမ်းကို မင်းသိရလို့ ဝမ်းမနည်းနှင့်၊ ယူကျုံးမရ မဖြစ်နှင့်၊ ဒါဟာ သွန်သင်သော သဘောတစ်ခုဟု မင်းအောက်မေ့။ မိန်းမနှင့်တစ်ယောက်ချင်း မျက်နှာဆိုကာ စကားပြောသော အရည်း သည် ဘာပြောပြော၊ ဘယ်လိုပဲနေနေ လောကကို လှည့်စားခြင်းသာ ဖြစ်သည်။ သူတော်ကောင်းမဟုတ် . . ."

"ယောကျ်ားမပါဘဲ၊ သို့မဟုတ် ယောကျ်ား နည်းနည်းနှင့် မိန်းမများစွာကို တရားဟောနေသော အရည်းသည် သူတော်ကောင်း မဟုတ်၊ မိန်းမကို တစ်ယောက်ချင်း ဤသို့နေ၊ ဤသို့ထိုင်ဟု ကျင့်စဉ် ကို ပေးနေသော မည်သူမဆို သူတော်ကောင်းမဟုတ်။ မိန်းမကို

mgyoe.com

mgyoe.com


မျက်နှာပြုံး၍ ချိုးမွမ်းချီးကျူးနေသော အရည်းသည် သူတော်ကောင်း မဟုတ်"

"ထိုသဘောတို့ကို မင်းသိရန် မင်းမှာ သင်ခန်းစာတစ်ခု အဖြစ်ကို မင်းလာခဲ့ရသောလမ်းဖြင့် မင်းသိသာရန် သဘောတစ်ခုမျှသာဖြစ်သည် ..."

"မှန်လှပါ ..."

"မင်းကို ငါတစ်ခုပြောချင်သည် ..."

"မိန့်တော်မူပါဘုရား ..."

"ငါ မကြာမီလက်ထပ်မည် ..."

"မှန်လှပါ ..."

"ငါ လက်ထပ်ပြီးသောအခါ ငါ့အိမ်မှာ မင်း လာပြီးတော့ နေနိုင်တယ်၊ နေပါလို့လည်း ငါ ခေါ်တယ်၊ ဒါပေ့ မင်း ငါ့အစေခံ မဟုတ်၊ အမှုလုပ်မဟုတ်ဟု မင်း သိထားရမယ်၊ မင်းလာပြီး မနေနိုင်ရင်လည်း ငါ့အိမ်သို့ ခဏခဏလာပါ ..."

"မှန်လှပ့ါ ..."

"မင်းက မည်သူနှင့်မှ အိမ်ထောင်မပြုစေလို၊ ငါရှင်ဘုရင်ဖြစ်သည်နေ့အထိ မင်းစောင့်ဆိုင်းစေလိုသည် ..."

"မှန်လှပ့ါ ..."

"ကိုင်း ... ငါလည်းပြန်ဦးမယ် ..."

"မှန်လှပါဘုရား ..."

ထိုသို့ပြောဆိုကာ ခန်းမောက် မင်းသားသည် ထိုလျှို့ဝှက်သော ဂူကြီးထဲမှ ထွက်လာ၍၊ မြင်းဇောင်းမှ မြင်းကိုယူပြီးသော် တစ်ကိုယ်တည်း ပြန်လာခဲ့လေ၏။

ခန်းမောက်မင်းသား၏အပေါ်၌ မည်ကဲ့သို့ သဘောထား

mgyoe.com

mgyoe.com


စရာ ရှိဘိသနည်း၊ ခန်းမောက်နှင့် အရည်းများသည် မည်ကဲ့သို့ ဖြစ်သတတ်နည်း . . .။

ခန်းလက်မင်းလက်ထက်တော်၌ အရည်းများသည် တံခွန်စိုက်နိုင်ခြင်းမရှိသော်လည်း အကျိတ်အခဲကြီးကြီးနှင့် ကြိုးစားကြံစည်နေကြခြင်းကား တော်တော်ပင် သဲသဲမဲမဲဖြစ်ပုံရလေသည်။ သို့သော် အရည်းများသည် စည်းလုံးခြင်းမရှိကြချေ။ ရဟန်းမင်းလုပ်ချင်ကြသော အရည်းတို့သည် တစ်ဦးနှင့်တစ်ဦး ကျိတ်ကာ ကြံနေကြလေသည်။

ထိုသဘောကြောင့် ထိုခေတ်၌ ဘုရင်မင်းမြတ်သည် ရန်သူခေါင်းဆောင် ဦးရေများသလောက် ရန်သူများကို နှိမ်နင်းရန် ခဲခက်ကောင်းမှ ခဲခက်ပေလိမ့်မည်။

ရှင်ဘုရင်ကို ထင်ထင်ရှားရှား ရန်မပြုလာသော်လည်း ရန်သူများသည် ကျိတ်၍ကြံစည်နေခြင်းကို သိရသည်အတိုင်း ခန်းမောက်မင်းသားကလေးသည်၊ အေးငြိမ်းပပျောက်သွားစေရမည်ဟု ကြိုးစားကာ နေပုံရလေသည်။

ခန်းမောက်သည်ပင်လျှင် အရည်းများ၏ လက်တွင်းသို့ ရောက်ပြီးလျှင် မလှုပ်နိုင်ဘဲဖြစ်မည်လား၊ သို့တည်းမဟုတ် ခန်းမောက်ကပင် အရေးပိုင်မည်လား၊ ခန်းမောက်၏ အပြုအမူနှင့် ဆက်ဆံမှုကား ကွက်မှားကို ရွှေ့နေသကဲ့သို့ ဖြစ်ချေသည်။

ခန်းမောက်သည် မြင်းကိုလမ်းထိုးစီး၍ ရောက်လာရာ လွင်ကလေးသာသာသို့ ရောက်ကာလ လက်နက်ကိုယ်စီနှင့်သော လူလေးယောက်နှင့် ရင်ဆိုင်တွေ့လေ၏။ အကွက်ဆင်ချက်အတွင်းသို့ ခန်းမောက်ရောက်နေပြီလား . . .။

ထိုလူလေးယောက်မှ လူတစ်ယောက်က "ဟော့ . . . ဒါဟာ

mgyoe.com

mgyoe.com


မင်းသား တစ်ကိုယ်တည်း လက်နက်လည်းမပါ" ဟု ဆို၏။ မင်းသားသည် ထိုအသံကိုကြားရကာလ မြင်းကိုရပ်၍ ဤသို့ဆို၏။

"မင်းသားဟာ တိုင်းပြည့်ကျွန်ပဲ၊ အဖော်နောက်လိုက် လိုသေးသလား၊ လက်နက်စွဲကိုင်ဖို့လိုသေးသလား"

"မင်းသား ... မြင်းပေါ်မှဆင်းပါဦး ..."

ထိုအခါ ခန်းမောက်သည် တုန်လှုပ်ခြင်းမရှိဘဲ မြင်းပေါ်က ဆင်း၍ "ဘာလဲ" ဟု မေး၏။

"မင်းသားဟာ တိုင်းပြည့်ကျွန်ပဲဆိုသည်၊ တိုင်းပြည်သည် မင်းသား၏ကျွန်မဟုတ်ပါလား ..."

"အလို ... ဘယ်လိုဆိုလိုက်ပါသလဲ၊ မင်းနှင့်မင်းသားဟာ တိုင်းပြည်ကို တိုင်းတစ်ပါးက ရန်မမူရအောင် မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက်နေရတယ်။ နိုင်ငံတော်အတွင်းမှာ သူပုန်သူကန် မထရအောင် အမြဲစောင့်ရှောက်နေရတယ်၊ တိုင်းပြည်နိုင်ငံ စည်ပင်သာယာဝပြောအောင် အမြဲကြိုးစည်ကာ ကျင့်ဆောင်နေရတယ်၊ အဲသည်လို အလုပ်တွေများလွန်းတာနှင့် ရှင်ဘုရင်နှင့် မင်းသားများဟာ မိုးရေတဖြောက်ဖြောက်ထဲမှာ လယ်ထွန်ချင်ပေ့ မထွန်ရ၊ တောင်ယာများမှာ စူးထိုးပြီး သစ်စေ့ချချင်ပေ့ မချရ၊ လယ်ထဲယာထဲမှာ တော အရေးတောင်အရေးတွေ ကြည့်ပြီး အေးငြိမ်းချမ်းသာစွာ 'ငြိမ်း ရိပ်သာ' ဖြစ်တဲ့ လယ်တည်း၊ တောင်ယာတည်း၊ ယာတည်းများမှာ အုံးမောင်းတီးကာ နေချင်ပေ့မနေရ၊ အင်မတန် ကံဆိုးလို့ မင်းသား ဖြစ်ရတယ်ဗျာ ဘုံကျွန်ကြီးပါ ...'

"ခု မင်းသား ဘယ်ကကြွလာတော်မူပါသလဲ ..."

"တောအုံကနားမှာ လူဆိုးများ ခိုအောင်းနေမလားလို့ ထောက်လှမ်းလာခဲ့ပါတယ် ..."

mgyoe.com

mgyoe.com


"လက်နက်ကလည်း မပါပါလား . . ."

"ဟာ . . . ခု ခင်ဗျားတို့ကို ကျွန်တော်တွေ့နေပြီ၊ ခင်ဗျားတို့ဟာ တိုင်းသူပြည်သားတွေပဲ၊ ခင်ဗျားတို့ဟာ လက်နက်ပေ့ါ၊ ကျွန်တော် လက်နက်ကိုင်ဆောင်စရာ ရှိသေးသလားဗျာ . . ."

"ကိုလွင် ဘယ့်နှယ်လဲဗျာ၊ မနေ့က အရည်းသောမ ပြောတဲ့ စကားနှင့် . . ."

"ဟာ . . . ကိုတောင်ကြီးရယ်၊ အရည်းသောမက အရမ်းပြောတာပါ . . ."

"ဟုတ်တယ် ကိုလွင် ကျုပ်တို့ဗျာ သူခိုးဓားပြကင်းလို့ ညဆိုရင် အိပ်ချင်သလို အိပ်၊ တံခါးမပိတ်နှင့်ဗျာ၊ တောင်ယာထဲသွား၊ ဘယ်လူဆိုးနှင့်မှမတွေ့ရ၊ တောင်ယာထဲမှာ စောင်၊ အိုးထားခဲ့ဗျာ ဘာမှအပျောက်အရှမရှိ၊ ဒါဟာ မင်း၏တန်ခိုးကြောင့်ဗျ၊ ငွေရင်းလိုရင်လည်း ဟော မင်းက ထောက်ပံ့ပြီ . . ."

"နေဦးဗျ . . . ခင်ဗျားတို့ . . ."

"အမိန့်တော်ရှိပါ . . . ကိုယ်တော်ကလေး . . ."

"ဒါဟာ မင်းရဲ့ဘုန်းတန်ခိုး မဟုတ်ဘူးဗျ၊ ဘုန်းတန်ခိုးဆိုတာ အလုပ်မလုပ်ဘဲ သူတစ်ပါးထံမှာ အလကားတောင်းယူပြီး ဂုဏ်လုပ်နေတဲ့သူများရဲ့ စကားဗျ . . . မင်းနှင့် မင်းမှုထမ်းများ၊ မင်းသားများက အဂတိမလိုက်စားဘဲ အလုပ်လုပ်နေလို့ဗျ . . ."

"ကိုမြကြီး . . . အရည်းသောမနှင့် ဝါရိန္ဒပြောတာတွေကို ကိုယ်တော်ကလေးအား တင်လိုက်စမ်းပါဗျာ၊ ခင်ဗျားက စကားပြောတတ်ပါတယ် . . ."

"ကျွန်တော် မကြားပါရစေနှင့်ဗျာ . . . သည်းခံတော်မူကြပါ . . . ကျွန်တော်လည်း မအားပါဘူး . . ."

mgyoe.com

mgyoe.com


"ကိုယ်တော်ကလေး ဘာလုပ်စရာရှိလို့လဲ ..."

"ဟာ... မင်းသားက နည်းတော့ အလုပ် လုပ်ငန်းဟာ ... မစေ့ဘူးဗျ ... သိပ်ပန်းပါတယ် ... ပန်းကန်အလုပ်ရုံ သွားပြီး ချော်ရည်သုတ်နည်းကို ပြရဦးမယ် ..."

"မယ်ကောင်းကတော့ အပြောသားပဲ၊ ကျုပ်တို့ရဲ့ မင်းသား ကလေးဟာ တော့်အရည်းတွေ ပြောတာလို မဟုတ်ဘူး ... ကျောက် မှုန့်ထောင်းဖို့ ရေမောင်းကို ကိုယ်တိုင်ဆင်ပြီး ကိုယ်တိုင်လုပ်ပြတယ်လို့ ပြောတယ် ..."

"ကိုင်းဗျာ ... မအားသေးဘူး။ သည်လုပ်ငန်းကြီးသာ ထမြောက်သွားရင် ကျွန်တော်တို့ တမ္ပဝတီဟာ ပန်းကန်ပြည်ကြီး အဖြစ် နာမည်ပြောင်းပြီး ရွှေမိုးငွေမိုး ရွာရာတွင်၊ တစ်ပိုင်းတစ်စ ပါဝင်လာမယ်၊ သူဌေးကြီး ဦးကျော်စိုးက တိုင်းပြည်အတွက် သည်လုပ် ငန်း အထမြောက်အောင် မွဲသွားပေစေဗျာ၊ သိပ်ကိုငွေကုန်ခံတာ ပဲ ..."

"ကိုယ်တော် သည်လုပ်ငန်း အထမမြောက်ခင်ကပင် ခု လူအစိတ်လောက် လုပ်ခရနေလို့ အတော်ပင် အသပြာရွှင်နေကြ တယ် ..."

"ကိုင်း ... သွားလိုက်ဦးမယ်ဗျာ ..."

မင်းသားကလေး ခန်းမောက်သည် မြင်းပေါ်သို့ တက်ရာ ထိုလူလေးယောက်သည် ရိုသေစွာ နှုတ်ခွန်းဆက်လိုက်ကြလေ၏။

ခန်းမောက်သည် အရည်းများ ဆင်ထားသော အကွက်ထဲသို့ ကျရောက်သွားသလား၊ အရည်းများ၏ တီးကွက်တွင် လင်းကွင်းကြီး ကို ဝင်၍ တောလိုက်သလား သတိပြုရာသည်။ လောကဤ ပေါင်းသင်း ဆက်ဆံရေးအတတ်သည် အလွန်လည်း ခက်ခဲသည်၊ ခက်ခဲသလောက်

mgyoe.com

mgyoe.com


ထိုအတတ်ကိုတတ်ကျွမ်းလေ ရန်ကိုအောင်မြင်လေဖြစ်ချေသည်၊ သို့ သော်ဓားကို သုံးရမည့်နေရာ၊ တရားကို သုံးရမည့်နေရာဟူ၊ နေရာ နေရာနှင့် အကွက်ကျကျသုံးတတ်ရန်သည် အလွန်လိုလေသည်။

ခန်းမောက် မင်းသားကလေးသည် နေ့လယ်ချိန်သော် သူဌေးကြီး ဦးကျော်စိုး၏ အိမ်သို့ဝင်ကာ နားလေ၏။ ဦးကျော်စိုး၏ သမီး တင့်တင့်ခင်သည် ခန်းမောက်ကို ဝမ်းသာအားရနှင့် ဧည့်ဝတ် ကုံလေ၏။

တင့်တင့်ခင်နှင့် ခန်းမောက်သည်ကား ငယ်ကတည်းကစ၍ ကစားဖော် ကစားဖက်ဖြစ်ခဲ့၏။ ဦးကျော်စိုးသည် ထိုခေတ်၌ အလွန် ထင်ရှားသော သူဌေးကြီးဖြစ်၏။ ၎င်းသည် ရဟန်းကြီးများကို ကြည် ညို၍ ရဟန်းကြီးများ၏ ဒကာဖြစ်သော်လည်း အရည်းဝဏ္ဏ၏ ဆွမ်းခံ၊ ဆွမ်းရပ် ဆွမ်းစားပုံနှင့်တကွ အနေအထိုင်ကို အလွန် နှစ် သက်သဖြင့် ရဟန်းကြီးဟုပင် ထင်မှတ်ကာ လျှုဒါန်းပူဇော်ခြင်းကို မပြတ်ပြုလေ၏။

အရည်းဝဏ္ဏသည် အတော်ပင် ဉာဏ်ကျယ်သော အရည်း ဖြစ်ရာတွင် အပြောအဟောလည်း အလွန်ကောင်းသဖြင့် အရည်း ဝဏ္ဏဟောသော တရားများကို ဦးကျော်စိုးသည် များစွာ သဘောကျ နေလေသည်။

ထိုသို့သော ဦးကျော်စိုးအား မင်းသားခန်းမောက်သည် အရည်းဝဏ္ဏ၏အကြောင်းကို ပြောပြလေ၏။ ဦးကျော်စိုးသည် ငိုင်၍ အရည်းဝဏ္ဏ၏ အကြောင်းနှင့် ပတ်သက်ကာ တွေးဆသကဲ့သို့ ရှိနေ ၏။ ခန်းမောက်လည်း အရည်းဝဏ္ဏဇ၏ သူဌေးမရှိရဆိုသော ဝါဒ အကြောင်းကို ပြောပြလေ၏။ ထိုအခါ ဦးကျော်စိုးသည် မင်းသား ကလေးအား တုံ့၍မပြောစေကာမူ မယုံသကဲ့သို့ ဖြစ်နေသဖြင့်

mgyoe.com

mgyoe.com



အရည်းဝဏ္ဏဇေ၏ အကြံအစည်သည် အောင်ရမည်ဟူသကဲ့သို့ ဖြစ်ရတော့မလိုနေလေပြီ။

ဦးကျော်စိုးကဲ့သို့ပင် သူဌေး၊ သူကြွယ်၊ လူကုံထံပေါင်းများစွာသည် အရည်းဝဏ္ဏဇကို ရဟန်းကြီးပင်ဟုလည်းကောင်း၊ အရည်းဆိုစေကာမူ ရဟန်းကြီးများနှင့် မခြားမနား ကျင့်သုံးနေထိုင်သည်ဟူ၍လည်းကောင်း ကြည်ညိုကြခြင်း ဖြစ်ကြ၏။

တင့်တင့်ခင်သည်ကား သူ့အဖေသည် ခန်းမောက်၏စကားကို မယုံသကဲ့သို့ ရှိနေပုံရသည့်အတွက် ဤသို့ ဝင်ကာ စွက်လေ၏။

"အဖေ ... ကင်းမြီးကောက်၏ လက်မနှင့် ပါးစပ်မှာ အဆိပ်မရှိစေကာမူ သူ့အမြီးကို မစမ်းနှင့်၊ အဆိပ်နှင့်ဟု ထောင်ပြနေသကဲ့သို့ ရှိသည့် နည်းတူ ဝဏ္ဏဇသည် ပြလျက်ရှိပါသည် ..."

"ဟယ် ... နင် ... ဘာကိုမြင်လို့ ဆိုနိုင်သလဲ ..."

"အဖေ .. ဒါကိုထား၊ ကျွန်မ မပြောသင့်ပေမယ်လို့ ပြောရလိမ့်မယ်၊ အဖေနားကို ဂွမ်းဆို့ပြီး ပိတ်ထားချင်ပိတ်ထားပါ ... ကိုယ်တော် ခန်းမောက်တော့ နားထောင် ..."

"ကျုပ်လည်း သူတစ်ပါးအကြောင်း မကောင်းကို ပြောမှာကြောင့် နားမထောင်ချင်ပါ ..."

"နားမထောင်ချင်ပေ့ ထောင်ရမယ် ..."

"အလို ..."

"ကိုယ်တော် ... အလိုလုပ်မနေနှင့်၊ ဒါဟာ တိုင်းရေးပြည်ရေး နိုင်ငံတော်အရေးမှာ အတော့်ကိုအရေးကြီးတယ် ..."

"မတင့်တင့် ကြီးကျယ်လှချည်လား ..."

"သဘောလေ ..."

"ကိုင်းဗျာ ... ဆိုစမ်းပါဦး ..."

mgyoe.com

mgyoe.com



"တစ်နေ့မှာ လှလှ၊ မြမြ၊ မြင့်မြင့်တို့ကလာပြီးတော့ အရည်းဆရာတော် ဝဏ္ဏဓဇရဲ့ ကျောင်းတော်သို့ သွားရအောင် ခေါ်တယ်"

"အင်း . . ."

"သည်တော့ ဘာကိစ္စလဲလို့ မေးတော့၊ သူတို့က ဆရာတော်ဘုရားက တရားပြမယ် တရားကျင့်ပုံကိုလည်း ပြမယ်တဲ့၊ တင့်တင့်ကကိုယ်တော်ကလေးပြောတာကို သတိရလာတယ် . . ."

"ကျုပ်က ဘာပြောဖူးသလဲ . . ."

"အရည်းတွေဟာ အမျိုးမျိုး လှည့်စားတတ်တယ်၊ ဉာဏ်များတယ်၊ ပဉ္စလက်အတတ်ကိုတတ်တယ်၊ အထူးသတိထားရမယ်၊ ရဟန်းကြီးအစစ်ဆိုတာ ဘယ်လိုမိန်းမကိုမှ အရောမဝင်ဘူး၊ တရားနှင့် လှည့်စားပြီးတော့လည်း မသွေးဘူး"

"ဟုတ်ပြီ . . . ကျုပ်သတိရပြီ၊ ဆက်စမ်းပါဦး . . ."

"ဒါနှင့်ပဲ မလိုက်ချင်ဘူးလို့ ငြင်းပယ်လိုက်ပါတယ်၊ သည်လိုနှင့်မြင့်မြင့်တို့အိမ်ကို ကိစ္စရှိတာနှင့်သွားတော့၊ လှလှ၊ မြမြ၊ မြင့်မြင့်တို့ဟာ ဆေးမြစ်ကလေးကို သွေးပြီး လျက်နေကြပါတယ်၊ အတင့်ကသူတို့ကို တွေ့တော့ ပြုံးနေကြပါတယ်။ ဘာဆေးလဲလို့ မေးတော့၊ သတိကောင်းတဲ့ဆေး၊ စိတ်ခိုင်မာ တည်ကြည်တဲ့ဆေးတဲ့ . . ."

"သည်တော့ အတင့်က သိပြီ၊ ကိုယ်တော်ကလေး . . ."

"နေပါဦး . . . မိတင့် နင်က ဘာသိသလဲ . . ."

"အဖေက သိပ်ကို ခေတ်နောက်ကျတာကိုး . . ."

"နေပါဦး ဘ၊ ကိုင်း . . . ပြောစမ်းပါဦး၊ မတင့်ရယ်"

"ဘယ်လောက် ဝါဒဖြန့်လို့ လွယ်သလဲ၊ လွယ်သွားသလဲဆိုတော့၊ မြမြ၊ မြင့်မြင့်၊ လှလှတို့က ဝဏ္ဏဓဇကိုယ်တော်ဟာ တရားရှင်အစစ်၊ သတ္တဝါများ အေးချမ်းသာယာပြီး ကောင်းစားနိုင်ရန် ဝဏ္ဏဓဇ

mgyoe.com

mgyoe.com


ကိုယ်တော်သာလျှင် တတ်နိုင်ကြောင်း၊ ဝဏ္ဏဓဇဆရာတော်ဘုရားရဲ့ ဝါဒကိုလိုက်ပြီး ဆရာတော့်စကားကို နားထောင်ထိုက်ကြောင်းနှင့် အရပ်ထဲမှာ လှည့်လည်ကာ ပြောတာ အနံ့လောက်ပဲ၊ ကျွန်မကိုလည်း ပြောလိုက်တာလေ ဖောင်လို့ . . .'

"သိပြီ . . ."

"နေပါဦး မိတင့်ရယ်၊ နင်ပြောတဲ့ ဆေးမြစ်က ဘယ်လို ဆေးမြစ်၊ ဘာဆေးမြစ်လဲ . . ."

"အဖေက ကလေးမရှိနိုင်တဲ့ ဆေးမြစ်၊ ကလေးလျှောကျတဲ့ ဆေးမြစ်ရှင့် . . ."

"ဟင် . . ."

"အရည်းဆိုတာ အဖေ့နှယ်၊ စကားတတ်သလို၊ တရား မကပ်ဘူးလို့ ကျွန်မ ခဏခဏပြောတာပဲ၊ ခု စင်စစ်တော့ တိုင်းရေး ပြည် ရေးသဘောဝင်လာပြီး ဝဏ္ဏဓဇနောက် လူထုပါအောင် ဆွဲဆောင် နေတဲ့သဘော ဖြစ်နေတာပေါ့"

"ဘ . . . မတင့်တင့်ပြောတာ မှန်တယ်၊ ဘတို့ သူဌေး သူကြွယ်တွေလည်း သတိထားကြပေါ့ . . ."

* * *

mgyoe.com

mgyoe.com

## အခန်း (၄)

တစ်နေ့သောအခါ ဦးသံတူကို အိမ်ရှေ့မင်း ခန်းမောက်က ပင့်သဖြင့် ရောက်လာပြီးသော် ဤသို့ပြောဆိုနေကြလေ၏။

"ဦးလေးသံ ဝဏ္ဏဓဇရဲ့ကျောင်း အိုတနာကလေးကို မီးတိုက် လိုက်တာတော့ မကောင်းဘူးခင်ဗျာ . . ."

"ကိုယ်တော် . . . သူ ရေးသားပြုပြင်နေတဲ့ ကျမ်းတွေ ပျက်စီးကုန်အောင်လို့ မီးတိုက်လိုက်တာပဲ . . ."

"အဲဒါ . . . ဦးလေးသံ မှားတယ် . . ."

"အမိန့်တော်ရှိပါဦး ကိုယ်တော် . . ."

"သည်လို အရေးပါတဲ့ကျမ်းစာ၊ အရေးကြီးတဲ့ ကျမ်းစာတို့ကို အလကားပဲ သည်ကျောင်းအိုတနာမှာ ထားပါ့မလား၊ နေတော့လည်း ဝဏ္ဏဓဇဟာ တစ်ယောက်တည်း နေတယ်၊ သူ မရှိရင် သူ့ကျောင်းမှာ ရှိတဲ့ အဖိုးတန်ပစ္စည်းများကို လူသယ်မယ်ဆိုတာ၊ သူ သိမှာပေါ့၊ သည် တော့ တော်ရာ လုံခြုံရာမှာ သို့ဝှက်ထားမှာပေါ့ . . ."

mgyoe.com

mgyoe.com


"ဟုတ်တယ် ကိုယ်တော်၊ ဒါကို ကျေးတော်မျိုး မစဉ်းစားမိပါ၊ ဝဏ္ဏဓဇကို ဖျောက်ဖျက်ပစ်လိုက်မှ အေးမှာပဲ"

"ဟာ . . . ဦးလေးသံ၊ ဒါက သာပြီး ဆိုးနေပြန်ပြီ . . ."

"အမိန့်တော်ရှိပါ . . ."

"ခု ဝဏ္ဏဓဇလည်း သူ့နောက်ပါများအောင် ကြိုးစားနေတယ်၊ ဝဏ္ဏဓဇလိုပဲ ကြိုးစားနေတဲ့ အရည်းများလည်း ရှိနေတာကို ဦးလေးသံ သိတယ်မဟုတ်လား . . ."

"ရှိပါတယ်၊ ဝဏ္ဏဓဇအပြင် အရည်းလေးပါးဟာ နောက်လိုက်နောက်ပါများအောင်၊ သူတို့ ဩဇာကြီးအောင်၊ သူတို့ကို လူများက အထင်ကြီးအောင် ကြိုးစားနေကြပါတယ် . . ."

"ဒါဟာ ဘာကြောင့်သိရဲ့လား . . ."

"အမိန့်တော်ရှိပါ . . ."

"ရဟန်းမင်း လုပ်ချင်ကြလို့ တမ္ပဝတီမှာ ဘုရင်များသည် နန်းသက်မရှည်ဘဲ ဘဝကူးသွားကြရတော့ ရှင်ဘုရင့်အဖြစ်ကို လူများဟာ ကြောက်လန့်လာကြရမယ်၊ ဒါဟာ သူတို့ရဲ့အမြင် . . ."

"ဟုတ်ပါတယ်၊ ဒါဟာ မှန်ပါတယ် . . ."

"ထီးမွေခံ နန်းမွေစံမင်းသားရှိရင်လည်း၊ သူတို့ထံ ဩဇာခံရင်ခံ မခံရင် တစ်နည်းနည်းနှင့် ဖြုတ်ချပြီး ဘုရင့်အဆက်အနွယ်မရှိတော့၍ အရည်းသာသနာပိုင်ကြီးက သိမ်းပြီဟု ရဟန်းမင်း လုပ်ချင်နေကြလို့ သူတို့ချင်း ပြင်ပက လိုက်လျောသလိုယောင်နှင့် စိတ်ဝမ်းကွဲနေကြတယ်"

"သည်လိုကိုး။ ကျေးတော်မျိုး ကောင်းကောင်းကြီး ရိပ်မိပါတယ် . . ."

"သည်လို သူတို့ကွဲနေတော့ အရည်း အင်အားဟာ မတောင့်

mgyoe.com

mgyoe.com



တင်းနိုင်ဘူးပေါ့ . . .။ ဘာကြောင့် မညီမညွတ်ကြလို့ သူတို့သာ တညီတည်း တစ်သံတည်း ဝါဒပြုကာ ဆွဲဆောင်ရင် ဘုရင့်အစိုးရဟာ အတော့်ကို ခဲခဲယဉ်းယဉ်း ဖြစ်သွားရမယ် . . .”

“မြင်ပါပြီ . . .”

“ဒါကြောင့် ဝဏ္ဏဓဇကို မြှောက်သာပေးပါ . . .”

“ကိုယ်တော် ခုတော့ ခက်နေပါပြီ . . .”

“မခက်နှင့် ဦးလေးသံ ကျွန်တော်က ဝဏ္ဏဓဇဖို့ ကျောင်းကြီး တစ်ဆောင်ဆောက်ပေးမယ်ဗျာ . . .”

“လျော်ကန် သင့်မြတ်လှပါတယ် . . .”

*

အိမ်ရှေ့မင်း ခန်းမောက်သည်လည်း အတတ်ပညာကြွယ်ရုံ နှင့်မျှမက အတော်ပင် ဉာဏ်ကစားတတ်သည်အတိုင်း ဝဏ္ဏဓဇထံသို့ သွားရောက်၍ ကျောင်းဆောက်၍ လှူဒါန်းလိုပါသည် လက်ခံပါဟု လျှောက်ထားလေ၏။

ဝဏ္ဏဓဇလည်း အတော့်ကို ချောင်၍ ရေလည်သည်အတိုင်း ရုတ်တရက် လက်မခံပဲ ငါတို့အရည်းမည်သည် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်မှာနေခြင်းသည် သာ၍ တရားအားထုတ်နိုင် သည်ဟု ငြင်းပယ်၏။ သို့သော် ခန်းမောက် အိမ်ရှေ့မင်းကလည်း မခေလှသည်အတိုင်း အရည်းဆရာတော်ကျောင်းတော်ကို လူဆိုး များက မီးတင်ရှို့ခြင်းသည် စင်စစ် ဘုရင်အစိုးရတာဝန် ဖြစ်နေပါသည်။ ဘုရင့်အစိုးရတာဝန်ဖြစ်သော်၊ အိမ်ရှေ့မင်း၏ တာဝန်ကျရောက် ပါသည်။ ထို့ကြောင့် အိမ်ရှေ့မင်းက အရည်း ဆရာတော် သီတင်း သုံးဖို့ သင့်လျော်လုံလောက်သော ကျောင်းတစ်ဆောင်ကို လှူပါသည်။

mgyoe.com

mgyoe.com


လျှသည်အတိုင်း လက်ခံသင့်ပါသည်။

"ကောင်းပြီ . . . ကောင်းပြီ . . . ကောင်းပြီ ဒကာတော်ကလေး . . ."

ထိုသို့လျှင် သဘောသက်ရောက် သွားလေရကား အရည်းဝဏ္ဏဓဇ၏ ကျောင်းဆောင်အတွက် မင်းချင်းများသည် လာရောက်ကြကာ ဆောက်လုပ်ပေးကြလေ၏။

တိုက်ပွဲသည်ကား အတော်တင့်တယ်ပေသည်၊ ခန်းမောက်ပင် အောင်ပွဲယူမလား၊ အရည်းဆရာတော် ဝဏ္ဏဓဇကပင် အောင်ပွဲခံမလား . . .

သံတူသည်ကား အရည်းဝဏ္ဏဓဇထံသို့ ရောက်လာ၍ ကျောင်းကို မီးရှို့သူအား စုံစမ်းရှာဖွေပြီးသော် စီရင်မည်ဟုဆို၏။ ဝဏ္ဏဓဇလည်းနေပါစေ၊ သည်ကိစ္စကို နိဂုံးချုပ်ပါတော့ဟုဆို၏။ ဝဏ္ဏဓဇသည် ဉာဏ်ရှိသည်အတိုင်း မိမိအကြံကို အရေးအရာ ရောက်သောသူများက မရိပ်မိစေရန် ဟန်ဆောင် အလွန်တော်၏။

သံတူသည်လည်း ဟန်ဆောင်မှု၌ မခေချေ။ အိမ်ရှေ့မင်းကအထောက်တော် မင်းကြီးခန့်ထားရန် စီစဉ်သည်ကိုပင် ဘုရင့်အစိုးရဘက်တော်သားဟု အရည်းများက ရိပ်မိမည်ကြောင့် လက်သင့်မခံဘဲ၊ ဝဏ္ဏဓဇနှင့်သာ တိုင်ပင်ကာ ဆောင်ရွက်နေဟန်တူပေသည်။ ထို့ကြောင့် ဝဏ္ဏဓဇ၏ အကြံအရပ်ရပ်ကို အိမ်ရှေ့မင်းသည် သိပြီးသကဲ့သို့ရှိပေသည်။ ဝဏ္ဏဓဇလည်း လောကအရိပ်အခြည်ကို နားလည်သူဖြစ်၍ အန်သင့်သည်ကိုသာ သံတူထံ၌ အန်ပေသည်။

သံတူကို ထိုသို့ဆောင်ရွက်ရန်မည်သူတို့သည် အားပေးဘိသနည်း၊ သံတူအား သံတူသည်သာ အားပေး၏။ သံတူ၏ သဘောကား တိုင်းကြီးပြည်ကြီးသား ဆိုသည် မည်သူမျှ မတိုက်တွန်းရဘဲ

mgyoe.com

mgyoe.com


မိမိတာဝန်ကိုမိမိသိ၍ တိုင်းပြည် လူမျိုး၏အကျိုးကို နားလည်ပြီးသော် နိုင်ငံတော်ခိုင်မြဲတည်တံ့ရန် ဆောင်ရွက်ရမည်ဟု အယူရှိထားပေသည်။

ထိုသို့မဆောင်ရွက်သော သူသည် နိုင်ငံတော်၌ မည်သည့်အဆင့်အတန်းမှာမဆို လူရေခြုံသော တိရစ္ဆာန်များဟု သံတူသည်ပြင်းထန်သော အယူကို ယူဆနေပေသည်။

သံတူသည် နိုင်ငံတော်၌ အေးချမ်းသာယာ၍ စည်ပင်ဝပြောသည်ကို အလိုရှိပုံပေါ်နေရာ၊ အရည်းများသည် နိုင်ငံတော်၌ ဆူပူလှုပ်ရှားအောင် တိတ်တိတ်ပုန်း လျှို့ဝှက်ကာ ကျင့်ဆောင်နေသူများဟု အယူရှိသဖြင့် ၎င်းသည် အရည်းဝဏ္ဏဓဇနှင့် ပေါင်းသင်းဆက်ဆံကာ နေသော်လည်း အရည်းဟူသမျှသည် ၎င်း၏ ရန်သူဟုထင်မှတ်ဟန်ရှိပေသည်။ ထို့ကြောင့် သံတူသည် ဝဏ္ဏဓဇနှင့် ပေါင်းသင်းနေသည်ကား ဟန်ဆောင်မျှသာ ဖြစ်တန်ရာပေသည်။

သံတူသည် နေ့အချိန်အားလပ်ရာ၌ ဝဏ္ဏဓဇထံလာရောက်၍ ဝဏ္ဏဓဇအား ၎င်း၏ ပဥ္စလက်အတတ်ဖြင့် အမျိုးမျိုးကို လုပ်ပြပြီးသော်၊ ၎င်းသည် ဝမ်းတွင်းစုန်းထီးကြီးဖြစ်သည်ဟု ခြိမ်းခြောက်ထားသဖြင့် ဝဏ္ဏဓဇသည် သံတူကို အထင်ကြီးရုံမျှမက အတော်ပင်လန့်နေဟန်ရှိ၏။

သံတူကား အရပ်ရပ်သို့ လှည့်လည်၍ မျက်လှည့်အတတ်ဖြင့် အသက်မွေးသော မျက်လှည့်ဆရာကြီးဟု ထင်ရှား၏။ စင်စစ်သော်ကား အရည်းများထံမှ ရတနာရွှေငွေများသည် သံတူ့ထံသို့တစိမ့်စိမ့် ယိုစီးကာလာရလေပြီ ...။

ထိုခေတ်၌ကား ထင်ရှားသော အရည်းတို့သည် ရတနာရွှေငွေပေါများသူချည်းလောက်ပင် ဖြစ်ချေသည်။ အရည်းများ၏

mgyoe.com

mgyoe.com


ဒကာ ဒကာမဖြစ်သော သူဌေး၊ သူကြွယ် လူကုံထံများသည် သေသွားသောအခါ အမွေစားအမွေခံ မကျန်ရအောင် အရည်းတို့သည် ဖန်တီးရာ၌ ပန်းဦးလွှတ်ပူဇော်ခြင်းသည် အတော်ပင် အရေးရောက်ပေသည်။

ဒကာ ဒကာမများသေသွား၍ အမွေစားအမွေခံ မကျန်ခဲ့သော် အရည်းဆရာတော်ကြီးထံ လှူခဲ့သည်ဟု အရည်းများက သိမ်းယူကြလေသည်။ ဒကာသေ၍ ဒကာမကျန်ရစ်ခဲ့သော်လည်းကောင်း၊ ဒကာမနှင့်သမီး ကျန်ရစ်ခဲ့သော်လည်းကောင်း ပစ္စည်းပစ္စယများကို သိမ်းယူ၍ ဒကာမများကို ကျောင်းသို့ခေါ်ထားပြီးသော် သုရှင်အဖြစ်နှင့် တည်နေပေသည်။ အရည်းထံ၌ ကျရောက်သွားရသော သုရှင်ကလေးသည် ၎င်း၏ဘဝတာ၌ မျိုးစေ့ မကိန်းအောင်းနိုင်သူ ဖြစ်ပြီးလျှင် မိန်းမ၏ တန်ဖိုး၊ မိန်းမ၏အညွန့်အတက် ဆုံးရှုံးသွားရခြင်းသာ များချေသည်။

အရည်းတို့၏အကျင့်အကြံသည် အတတ်ပညာတတ်သည်လောက် ညစ်စုတ်လေသည်။ အရည်းဆရာတော်ကြီးများသည် စိတ်အတတ်၌ ကောင်းစွာ ကျွမ်းကျင်ကြသူများသာ များကြ၍ ၎င်းတို့၏ ဒကာသူဌေး၊ သူဌေးကတော် စသော လူကုံထံများတို့က သမီးများသာ မွေးဖွားလာရရန် သညာပေးလေသည်။

ထိုနည်းစနစ်ဖြင့် သူဌေး၊ သူကြွယ်စသော ပစ္စည်းဥစ္စာရှိသူများထံမှ ရတနာ ရွှေ ငွေများ၊ လယ်ယာမိုးမြေ ချောင်းမြောင်းများတို့သည် အရည်းတို့၏ထံသို့သာ ရောက်ရခြင်းများပေသည်။

ဝဏ္ဏဇေသည် ထိုသဘောဖြင့် လူ့သဘာဝကျမ်းကို ပြုသည်။ ရုပ်သဘောကို အဓိကထားသည်။ သို့သော် . . . ငရဲနှင့် နတ်ပြည်ကို အထူးသဘောဖြင့်ပြသည်။ ဝဏ္ဏ၏ အရည်းတို့သည် ထိုသဘောအား

mgyoe.com

mgyoe.com


ဖြင့် ဆင်းရဲသား မြေယာလက်မဲ့တို့အား လယ်မြေ၊ ယာမြေများကို လုပ်ကိုင်စားသောက်ရန် ဝေငှချထားပေးသည်။ အရင်းအနှီးလည်း ထောက်ပံ့လေသည်။

ထိုအရည်းတို့သည် ဤကဲ့သို့ ဆောင်ရွက်နေ၍ ဆင်းရဲသား လူထုသည် အရည်းများ၏နောက်၌ တည်နေပေသည်။ ထို့ကြောင့် ဝဏ္ဏဓဇသည် ငြိမ်းသာ၌ အေးငြိမ်းစွာနေသော်လည်း တန်ခိုး အင်အားနှင့် ပြည့်စုံသော အရည်းတစ်ပါးဟုဆိုရပေမည်။

သံတူသည်ကား အရည်းများသည် သူတစ်ပါးထံမှ ပစ္စည်းများ ကို ကောက်ကျစ်စဉ်းလဲသော ဉာဏ်နှင့် သိမ်းယူထားသည်ဟု အောက်မေ့ပြီးလျှင် အနုနည်း၊ အကြမ်းနည်း နှစ်နည်းစလုံးကိုပြု၍ အရည်းများ၏ ရွှေငွေပစ္စည်းများကို ရအောင်ယူငင်ခြင်းဖြင့် ရတနာ သိုက်ကြီးတစ်ခုကိုပင် တိတ်တိတ်ပုန်း ပိုင်သူဖြစ်နေပေသည်။ သို့ သော် ၎င်း၏ တူမနှင့်နှမကိုကား အလွန်ဆင်းရဲသူဟု ထင်ရှားစေ လေသည် . . .။

ယခုအခါ၌ နမ်းရည်နှင့် တင့်တင့်ခင်သည် ခန်းမောက်၏ အိမ်တော်၌ အိမ်ရှေ့မိဖုရား စကားမယ်နှင့် ပျော်ပိုက်စွာ နေကြခြင်း များလေသည်။

နမ်းရည်၊ တင့်တင့်ခင်၊ စကားမယ်တို့သည်လည်း တပျော် တပါးနှင့် တစ်ခါတစ်ရံ အိုးလုပ်ပြင်သို့ သွားရောက်ကြ၍ မြေနယ်ခြင်း၊ အိုးခတ်ခြင်း၊ အိုးထိန်းစက် လှည့်ခြင်း စသည်ဖြင့် အိုးလုပ်သမားတို့နှင့် ရောနှောကာ လုပ်ကိုင်ဆောင်ရွက်ကြလေ၏။

တစ်ခါတစ်ရံ ရက်ကန်းရုံ၊ ကျောက်ပုတီးအလုပ်ရုံတို့သို့ သွား ရောက်ကြ၍ ပျော်ပျော်ပါးပါး အလုပ်သမားများနှင့် ရောနှောကာ လုပ်ကိုင်ဆောင်ရွက်ကြလေ၏။

mgyoe.com

mgyoe.com


တစ်ခါတစ်ရံ နေ့အား ရက်သာများ၌ မိန်းကလေးများတို့နှင့် ကျပ်ပစ်တမ်းစသော ကစားမျိုးတို့ကို ကစားကာရှိကြလေ၏။

စကားမယ် အိမ်ရှေ့မိဖုရားသည်ကား ပြုံးပြုံး ပြုံးပြုံးနှင့် အလုပ်သမ အလုပ်သမား အသီးသီးတို့တွင် ရောနှောကာ အလုပ်လုပ်ခြင်းစသည်ဖြင့် ရောနှောကာ နေလေ၏။ ထို့ကြောင့် အိမ်ရှေ့မင်း ခန်းမောက်ကို ပြည်သူပြည်သားတို့သည် ခင်မင်နှစ်သက်ခြင်းဖြစ်ကြကုန်၏။

နမ်းရည်သည်လည်း တင့်တင့်ခင်လောက် စကားအပြောအဆိုမလည်ပတ်စေကာမူ ၎င်း၏အချိုးအစား အဆင့်အတန်းနှင့်အညီအချက်ကျကျ စကားပီသပုံရှိ၏။

အလုပ်ရုံများသို့ ရောက်၍ အနားယူကြသောအခါ နမ်းရည်သည် တိုက်ရိုက်မဟုတ်စေမူဖြင့် ဤသို့လျှင် မထိတထိ ပြောဆိုလေ့ရှိ၏။

"အိုးလုပ်ပြင်က အိုးဖိုများပျက်စီးသွားရင် အလုပ်သမားတွေဟာ အခက်နော် . . ."

ထိုအခါ တစ်ယောက်သော အလုပ်သမားကြီးက "ဟုတ်တယ် မမလေး၊ သေသေချာချာ စဉ်းစားမှ ပေါ်နိုင်ပါမယ်။ အရည်းတစ်ပါးက မင်းတို့ အလုပ်သမားတွေတော့ကွယ်၊ သနားပါတယ် . . . သနားစရာ၊ အလုပ်ရှင်ကတော့ မြိန့်မြိန့်ကြီး၊ မြတ်တဲ့ အမြတ်ငွေကိုတော့ သူချည်းယူစသည်ဖြင့် ဟောသွားတယ် . . . အချို့အလုပ်သမားတွေက နားယောင်ကြတယ် . . ."

"ဟောမှာပေါ့ရှင် . . . လူတွေ ဆင်းရဲရောက်ပြီး . . . ကသောင်းကနင်းဖြစ်တာကို မြင်ချင်တာကိုရှင့် . . . ပယောဂဆရာလိုပေါ့၊ ပယောဂဆရာဆိုတာ နာနာရှူမှ ငွေများများဆေးဖိုးဝါးခကို

mgyoe.com

mgyoe.com


ရတယ်ရှင့် . . .”

“အမိန့်ရှိစမ်းပါဦး မမလေးရယ် . . .”

. . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . .

စသည်ဖြင့် နမ်းရည်သည် သဘာဝကျကျပြောဆိုသဖြင့် အလုပ်သမားများစွာတို့သည် အမြင်မှန်နှင့် သဘောတရားကို ကွင်းကွင်းကွက်ကွက် ထင်ပေါ်လာလေ၏။ ထိုကဲ့သို့ နမ်းရည်သည် အလုပ်သမား၊ အလုပ်သမတို့နှင့်ရောနှောကာ သိမ်းသွင်းခွင့်ကို ရနေပေသည်။

နမ်းရည်သည်ကား တိတ်တိတ်ပုန်းစာပေနှင့် ပျော်မွေ့နေသော မိန်းကလေးဖြစ်သည်အတိုင်း နိုင်ငံတော်တွင် အိမ်ရှေ့မိဖုရားစကားမယ်၊ သူဌေးသမီး တင့်တင့်ခင်တို့နှင့် ဤသို့လည်း သဘောတရားကို ရှင်းပြလေ၏။

“လောက၌ ခေတ်အလျောက်၊ ရှင်ဘုရင်၊ ဘုရင့်အစိုးရအဖွဲ့၊ မင်းမှုထမ်း၊ မင်းမျိုး စသည်တို့သည်လည်းကောင်း၊ သူဌေးသူကြွယ်၊ မြေပိုင်ရှင်ကြီးများ၊ အလုပ်ရုံပိုင်ရှင်များ စသည်တို့သည်လည်းကောင်း အညွန့်စားများ လူပေါ်တွင်လူဖော်လုပ်၍ စည်းစိမ်သမားများဟု ပြောကြဟောကြသည်ကို ကျွန်မလည်းသဘောကျပါသည် . . .”

“အချုပ်၌ မင်းမရှိရ၊ တရားရုံးမရှိရ၊ သူဌေးသူကြွယ်မရှိရ၊ များစွာချမ်းသာသူများမရှိရ၊ အလုပ်ရုံပိုင်ရှင်ကြီးများဟု မရှိရ၊ လူတန်းစားခွဲခြားခြင်းမရှိရဟူသော သဘောဖြစ်ချေသည် . . .”

“ထိုခေတ်သည် မကောင်းဘူးလားဟု မေးစရာရှိပါသည်။ လူတိုင်းလောက်ပင် ကောင်းသည်ဟု ဆိုကြပေမည်။ သဘောကျပေမည်၊ ထိုသဘောများကို အရည်းများက ထွင်လုံးဟု ထင်ကြ၊ ယူဆကြ

mgyoe.com

mgyoe.com


ပေလိမ့်မည်။ ဘာမဟုတ်လည်း ပူရဏ်ကျမ်းဟောင်းမှ ထုတ်နုတ်၍ ပြောသောစကားမျှသာ ဖြစ်ချေသည်။ ထိုခေတ်သည် ဘယ်လိုခေတ်လဲ၊ စဉ်းစားရပေလိမ့်မည် . . .”

“ထိုခေတ်သည်ကား လူတိုင်းသည် တစ်ဦးအပေါ်၌တစ်ဦး ဖြူစင်ဖြောင့်မတ်သောစိတ်ရှိခြင်း၊ သူတစ်ပါးအပေါ်၌ သနားသော စိတ်ရှိခြင်း၊ သူတစ်ပါး ကောင်းစားသည်၊ ချမ်းသာသည်ကို ဝမ်းသာခြင်း၊ မိမိကိုယ်ကျိုးအတွက်ကို လျစ်လျူပြု၍ သူတစ်ပါး၏ အကျိုးစီးပွားကို ဆောင်ရွက်လိုခြင်းတို့ရှိကြသောခေတ်ဖြစ်ချေသည် . . .”

“ယခုခေတ်သည်ကား ကိုယ်၏အတွက် အလိုရမ္မက်ကို မလျှော့ဘဲကြီးခြင်း၊ တုန်လှုပ်မှုအားကြီးခြင်း၊ ထောင်လွှားမှုကြီးခြင်း၊ ကိုယ်ကျိုးကိုယ်စီးပွားကိုသာ ငဲ့ကွက်သူများ များခြင်းတို့ရှိနေပါသည်။ ထိုခေတ်မှာ မင်းဆိုသော အုပ်ချုပ်သူမရှိဘဲ ဖြစ်နိုင်ပါ့မလား၊ တရားရုံးမရှိဘဲ ဖြစ်နိုင်ပါ့မလား။ ထို့ကြောင့် မင်းမရှိရန်၊ အုပ်ချုပ်သူမရှိရန်၊ တရားရုံးမရှိရန် လှုံ့ဆော်နေသူများသည် လောကကြီးကို ပျက်စီးအောင် ဆောင်ရွက်ရာရောက်ချေသည် . . .”

ထိုကဲ့သို့ အကျဉ်းအားဖြင့် ပြဆိုလိုက်သည်အတိုင်း အိမ်ရှေ့မိဖုရားစကားမယ်၊ နမ်းရည်၊ တင့်တင့်ခင်တို့သည် နေပြည်တော်နှင့် နိုင်ငံတော်အတွင်းမှာ ဆောင်ရွက်ကြခြင်းကြောင့် ဝဏ္ဏဓဇ၏ တီးတိုးဝါဒဖြန့် ဆောင်ရွက်မှုသည် အောင်မည်လိုလိုနှင့် မနှစ်သက်သော သူတို့ များစွာရှိကြလေ၏ . . .

“သူဌေးသူကြွယ်များနှင့် လူကုံထံတို့သည်ကား ဝဏ္ဏဓဇ၏ အရည်းများကို မနှစ်သက်ကြချေ။ ဝဏ္ဏဓဇကိုလည်း ကြည်ညိုခြင်းမှ လျော့ပါးလာလေ၏။ သံတူကား သူ့လူငါ်ဘက်သားအနေနှင့် သည် ကျမ်းစကားများဟာ ဆရာတော်ဝဏ္ဏဓဇရဲ့ တစ်စိတ်တစ်ဒေသ ဝါဒ

mgyoe.com

mgyoe.com


ကွဲ့၊ သည်ဝါဒအောင်မြင်ပြီး ဝဏ္ဏဓဇသည် ရဟန်းမင်းအဖြစ်နှင့် တမ္ဗဝတီကို အုပ်စိုးသည်ရှိသော် တိုင်းပြည်နိုင်ငံကောင်းစား၍ အထူးပင် အေးချမ်းသာယာမှာပဲဟု ပြောဆိုလေ၏ . . .”

ထိုသို့ သံတူ၏စကားကြောင့်ပင်လျှင် များစွာသော သူတို့က ထိုသို့ဘုရင်မရှိသင့်၊ တရားရုံးမရှိသင့်ဆိုသော ဝါဒသည်လည်းကောင်း၊ သူဌေးသူကြွယ်၊ လူကုံထံ၊ မြေပိုင်ရှင်၊ ကြွယ်ဝချမ်းသာသူများ မရှိသင့်ဆိုသော ဝါဒလည်းကောင်း ဝဏ္ဏဓဇက တီထွင်၍ သွေးဆောင်လာသည်ဟု အယူရှိကြပြီးသော် ဝဏ္ဏဓဇကို ကြည်ညိုသူများ များစွာသည်ပင် ဝဏ္ဏဓဇကို ကြည်ညိုခြင်းမှ လျော့ပါးလာကြလေ၏။

အိမ်ရှေ့မင်းသည်ကား တောင်သူလယ်သမား၊ ယာသမား၊ ကိုင်းသမားတို့နှင့် ရောနှောဆက်ဆံ၍ စကားနှင့်ဝါဒမပြုဘဲ အလုပ်နှင့် ဝါဒဖြစ်အောင် ဆောင်ရွက်ကာ ရှိနေလေသည်။

ထိုသို့သော သဘောတို့ကြောင့် ထိုခေတ်တွင် အရည်းဝါဒသည် အထူးပြုကာ လွှမ်းမိုးနိုင်ခြင်း မရှိသည်ပြင် ဝဏ္ဏဓဇသည်ပင်လျှင် ခေတ်မှိန်ကာရှိနေပေတော့ပြီ။ အိမ်ရှေ့မိဖုရား စကားမယ်၊ နမ်းရည်၊ တင့်တင့်ခင်တို့ကား အလွန်ပင်အဖွဲ့ကျကာ ကျေနပ်လျက် ရှိနေလေပြီ . . .။

၎င်းတို့သည် တစ်နေ့သ၌ အိမ်ရှေ့တော်တွင် မုန့်တီလုပ်စားနေရင်း စကားမယ်သည် နမ်းရည်နှင့် တင့်တင့်တို့၏အနီးသို့ကပ်၍ တိုးတိုးကလေးပြောပြီးလျှင် လက်နှစ်ချောင်းကို ထောင်ပြလေ၏။

“ဒါဘာဖြစ်သလဲ ထိပ်ထား . . .”

“နမ်းရဲ့ မောင်တော်ကို သနားတာပေါ့” . . . အတင့်က ပြုံးပြီး . . . “သူ့မှာဖြင့် လှောင်ချင်တာချည်းပဲ . . .”

“ဒါဘာလုပ်ရမှာလဲ . . .”

mgyoe.com

mgyoe.com


"အတင့် . . . အတင့်နှင့်နမ်းကို ကျွန်မနှင့်အတူတူနေချင်တာပေါ့ . . ."

"ခု အတူတူနေတာပဲမဟုတ်လား၊ အိပ်တာတောင် သလွန်သုံးခုယှဉ်ပြီးအိပ်နေတာပဲ . . ."

"ဒါကိုပြောတာမဟုတ်ဘူး . . ."

"ဘာကိုပြောတာလဲ . . .'

"မောင်တော်နှင့် တင့်ရော၊ နမ်းရောစုလည်းပတ်"

"ထိပ်ထား သည်တော့ သလွန်ချင်းယှဉ်ပြီး ဘယ်မှာအိပ်ရတော့မှာလဲ . . ."

"ဒါပေ့ မောင်တော်ကို သနားလို့ပါ . . .'

"ထိပ်ထား . . ."

"ဆိုပါနမ်းရယ် . . ."

"ကျင့်ထုံးမရှိဘူးဘုရား . . . အိမ်ရှေ့ကိုယ်တော်မှာ . . . မိဖုရားတစ်ပါးသာ ထားရစမြဲပါ . . ."

"မိဖုရားနှစ်ပါး၊ သုံးပါး၊ လေးပါးထားတော့ ဘာဖြစ်သေးသလဲ . . ."

ထိုသို့ပြောဆိုနေကြစဉ်ပင် အိမ်ရှေ့မင်း ခန်းမောက်သည် လယ်သမားကြီးများနှင့် ပြန်ရောက်လာကြ၍ တင့်တင့်ခင်နှင့် နမ်းရည်သည် ကောင်းစွာ ဧည့်ဝတ်တော်များကို ပြုကြလေ၏။

ထိုအခါ လယ်သမားကြီးများသည် . . . မင်းသားကို များစွာချစ်ခင်ခြင်းသည် ဖြစ်လာ၍ အရည်းများ တီးတိုးဝါဒဖြန့်ခြင်းသည် နိုင်ငံတော်ဗရုတ်ဗရက်ဖြစ်ရန်သာပါတကားဟု အောက်မေ့နေကြလေ၏။

အိမ်ရှေ့မင်း ခန်းမောက်သည်လည်း ဤသို့ဆိုလေ၏။

mgyoe.com

mgyoe.com


"မနမ်း . . . ဘုရင့် လယ်တော်တွေ၊ သူဌေးများလယ်ယာမြေတွေကို တောင်သူများအားဝေပေးလျှင် မကောင်းဘူးလား . . ."

"မကောင်းပါဘုရား . . ."

"ဟင် . . . ဘာကြောင့်လဲ . . ."

"သူကြွယ့်လယ်ယာများကို လုပ်သောလုပ်သားများအား လယ်ယာများမပေါက်မီ ကြွေးမြီမတင်ရဘဲနှင့် လူတန်းစားမီမီ စားသောက်နေထိုင်ရရန် ငွေတိုးမယူဘဲ အဘယ်သူက ထောက်ပံ့ပါမလဲ . . ."

"သူဌေးများရဲ့ လယ်ယာများကို လုပ်သော သူများအား လည်း ဘယ်သူများကထောက်ပံ့ပါမလဲ . . ."

"ဘယ့်နှယ် ဘတို့ . . ."

"ဟုတ်ပါပေတယ် . . . ခုတော့ . . . လယ်သမား၊ ယာသမားများအား . . . လယ်ယာများ မပေါက်မီ မိုးဥတုမှာ အေးချမ်းစွာ စားသုံးနေထိုင်နိုင်ရန် သူဌေးနှင့် သူကြွယ်များက လုံလုံ လောက်လောက် ထောက်ပံ့နေပါတယ် ကိုယ်တော် . . ."

"ရှင်ဘုရင်နှင့် ဘုရင့်အစိုးရကကော မထောက်ပံ့နိုင်ဘူးလား . . ."

"ဟာ . . . ကိုယ်တော့်နှယ် . . . လယ်သမား ယာသမားများက တစ်ယောက်နှစ်ယောက်မှ မဟုတ်ပါကပဲ . . . နိုင်ငံတော်အဝန်းနှင့်ဟာကပဲ . . . ဘုရင်နှင့် ဘုရင့်အစိုးရက အဘယ်မှာ လုံလောက်အောင် ထောက်ပံ့နိုင်ပါ့မလဲ၊ ဆင့်ပါးစပ်ကို နှမ်းပက်သလို ဖြစ်နေမှာပေါ့ . . . ခုတော့ ဘုန်းတော်ကြီးဘုရား၏ အလိုတော် အတိုင်း သူဌေး၊ သူကြွယ်၊ မြေပိုင်ရှင်ကြီးသည် ကိုယ့်လုပ်သားများ အား သူတစ်ပါးထက်အောက်တန်းမကျရအောင် ပြိုင်ကာ ထောက်ပံ့

mgyoe.com

mgyoe.com


ဆောင်ရွက်ကြလို့ တောင်သူလယ်ယာသမားများဟာ . . . သိပ်ကို ရွှင်ပျကာ ဝမ်းမြူး၍နေနိုင်ပါသည် . . .”

“ဒါဖြင့် ခုလျှို့ဝှက်ကာ တီးတိုးပြောဆိုနေကြခြင်းသည် နိုင်ငံတော်ကို ဘေးမဖြစ်စေဘူးလား . . .”

“ကိုယ်တော့်နှယ် ကြံကြံဖန်ဖန်၊ တောင်သူလယ်သမားဆိုတာဟာ လူပါကိုယ်တော်၊ နိုင်ငံတော်ကို တောင်သူလယ်သမားဆိုတာက ကောင်းကျိုးကိုသာပေးတာပါ။ ဘေးမဖြစ်စေပါဘူး။ မနမ်းရည်တို့က သဘောတရားတွေကို မကြာမီက မမဖုရားနှင့် လာပြီးပြောလို့ နားလည်ကြပါတယ်။ နိုင်ငံတော်ကို ဘေးဖြစ်စေတဲ့ လူတန်းစားဟာ၊ တောင်ယာမလုပ်၊ ယာမလုပ်၊ လယ်မလုပ်၊ ကိုင်းမလုပ် ဘာအလုပ်ကိုမှ နေ့စဉ်မှန်မှန်မလုပ်တဲ့၊ အလုပ်အကိုင် မတည်တံ့တဲ့ လူပေါ်ကြော့ လူတန်းစားများသာ နိုင်ငံတော်ကို ဘေးဖြစ်စေနိုင်ပါတယ် . . .”

“မင်းလယ်၊ မင်းယာကို လုပ်တဲ့လူများ၊ ဝန်ကြီးများ အမတ်များတို့ရဲ့ လယ်ယာများကို လုပ်တဲ့လူများကော”

“ကိုယ်တော်၊ ထိပ်ထားမမဖုရား၊ မမနမ်းရည်၊ မမတင့်တင့်ခင်တို့က ကောက်စိုက်ရာမှာလာပြီး တပျော်တပါးနှင့် ပျော်ပါးကြတဲ့အပြင်၊ ညအချိန်မှာ သဘောတရားကို ပြောပြလို့ နားလည်ကြပါတယ်။ နန်းရင်းဝန်ကြီးသားတော် ကိုမောက်ကလည်း သူတို့လယ်၊ သူတို့ယာမှာ ဦးစီး၊ အတွင်းဝန်မင်းရဲ့သားတော် ကိုတောက်ကလည်း သည်လိုပဲ၊ လုပ်ကိုင်ဆောင်ရွက်ကြတော့ တောင်သူလယ်သမားများဟာ ကောက်ပဲသီးနှံထွက်ဖို့ကိုသာ ကြိုးစားနေကြတဲ့အပြင်၊ မင်းနှင့် ဝန်ကြီးများ၊ အမတ်ကြီးများတို့က ပေးတဲ့ အထောက်အပံ့ဟာ များတယ်ဆိုလို့ လယ်မှူးများနှင့်တောင် အချေအတင် ပြောနေကြပါသေးတယ် . . .”

mgyoe.com

mgyoe.com



"ဝမ်းသာပါတယ်ဗျာ . . .၊ ဒါထက် သူဌေးသူကြွယ်များနှင့် မြေပိုင်ရှင်များက ကိုယ့်လုပ်သားအား လူနေမြင့်တက်လာအောင် မမြှောက်စားလျှင် သည်လို ငါးစားသမားများနှင့် အရည်းဝါဒီများကို တော့ သူတို့ရဲ့ မြေတွေကိုသိမ်းပြီး ဘုရင့်အစိုးရက စီမံပေါ့ . . ."

"ဟာ . . . ဒါတော့လည်း . . ."

တောင်သူလယ်သမားကြီးများတို့သည် "တို့ကိုယ်တော် ကလေးမှ ကိုယ်တော်ကလေး၊ တို့ဘုရင်မင်းမြတ် ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေ" ဟု ဝမ်းတွင်းက ဆုတောင်းပြီးသော် ပြန်သွား ကြလေ၏။

ခန်းမောက်မင်းသားကလေးသည်ကား အတော်ပင်ထက် သော မင်းသားဖြစ်၏။ ၎င်းသည် ထက်သည်ဆိုသော်လည်း ဓားသွား လှံသွားထက်ခြင်းမဟုတ်၊ အသိအမြင်အကြားများနှင့် ဉာဏ်ထက် ခြင်းဖြစ်၍ ဘထွေးတော် သေနာပတိကြီးကပင် အလွန်နှစ်သက်၏။ ခမည်းတော်ဘုရားကလည်း ၎င်းကို အားကိုးအားထားပြုကာ ယုံ ကြည်လေးမြတ်စွာနှင့် အရေးအရာများကို လွှဲအပ်ထားခြင်းပြုလေ ၏။ အကျင့်သိက္ခာမှာလည်း အလွန်လျှင် မင်းသားပီသပေသည်။

* * *

mgyoe.com

mgyoe.com

## အခန်း (၅)

ထိုနေ့ညသော် ခန်းမောက်သည် စကားမယ်၊ နမ်းရည်၊ တင့်တင့်ခင်တို့နှင့် ခေါင်းဆေးသောအားဖြင့် ဤသို့လျှင် ပြောဆိုကာ အသက်အသာပြုနေကြလေ၏။

"ကိုမောက်နှင့် ကိုတောက်ဟာ တော်တော့်ကို လည်ပတ်ပြီး တော်တယ်ဗျ . . ."

"ထိပ်ထား သဘော်တော်တွေ အစုံမှာ ကနုကမာခွက်ယောက် တို့ကို မှာရအောင်နော် . . ."

"သဘောပါ၊ တင့်ရယ် . . ."

"ကိုမောက်နှင့် ကိုတောက်သွားပြီး အမှာခိုင်းမယ်ဗျာ . . ."

"အို . . . မဆိုင်တာ၊ ကိုယ်တိုင်သွားပြီး မှာမှာပေါ့၊ အတင့် ရယ် သွားမယ်မဟုတ်လား . . ."

"လိုက်ပါ့မယ် နမ်းရယ်. . . ကိုယ်တိုင်သွားမှာမှာပေါ့ . . ."

"ကိုတောက်နှင့် ကိုမောက်က . . ."

mgyoe.com

mgyoe.com



"နမ်း ... အတင့်က ဒဏ္ဍာရီပြောမယ်၊ ဘယ့်နှယ် ... ထိပ်ထား ..."

"ပြောပါ ..."

အိမ်ရှေ့မင်းခန်းမောက်သည် ပြုံးနေ၏။ တကယ့်ကို တကယ့်ဟာကလေးနှစ်ယောက်ပါလားဟု အောက်မေ့နေ၏။ တင့်တင့်ခင်သည် ဤသို့သော ဒဏ္ဍာရီကိုပြောလေ၏။

"တည်ပင်ကြီးတစ်ပင်မှာ စန္ဒမုက္ခိမည်သော ရုက္ခစိုးမကြီးတစ်ယောက်ရှိပါသတဲ့ ... အင်းခတ်ကြလေ ..."

"ခတ်ပါတယ် ... ခတ်ပါတယ် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"အတင့်ရယ် စန္ဒမုက္ခိဆိုတာ စူဠာသမ္ဘဝ၊ မဟာသမ္ဘဝ ဆိုတဲ့ မင်းသားနှစ်ပါးရဲ့အကျိုးကို ဆောင်တဲ့ ဘီလူးမ မဟုတ်လား ..."

"ကိုယ်တော်ကလည်း အဲဒါဟာ အရည်းတွေ ကြံကြီးစည်ရာ ထိုးထားတဲ့ သမိုင်းပါ ကိုယ်တော်၊ ဘီလူးမဆိုပဲ မင်းသားနှစ်ပါးရဲ့ အကျိုးကို ဘာကြောင့်ဆောင်မှာလဲ၊ လည်ကုပ်ကို ချိုးပြီး သွေးကို သောက်၊ သတ်စားမှာပေါ့၊ မင်းသားနှစ်ပါးကို ကြိုက်လို့ အကျိုးဆောင်တယ် ဆိုရအောင်လည်း မင်းသားနှစ်ပါးနှင့် ဘီလူးမဟာ ရသွားသလား။ မိန်းမတစ်ယောက်နှင့် ကြင်ဖက်တော် နှစ်ယောက်လား၊ အလကား သမိုင်းစာပေတွေ ဟိုရေးသည်ရေးနှင့် ခု အတင့်ပြောတာက ဒဏ္ဍာရီပါ၊ ဒဏ္ဍာရီဆိုတာ အပျင်းပြေ ပုံဆောင် ပြောတာပါ ..."

"ပြောပါဗျာ ..."

"ရုက္ခစိုးမကြီး စန္ဒမုက္ခိမှာ သားကလေးနှစ်ယောက် ချွန်းမောက်နှင့် ချွန်းကောက်လို့ရှိသတဲ့ ..."

mgyoe.com

mgyoe.com


"လုပ်တော့မယ် . . ."

"ကိုယ်တော် ဒဏ္ဍာရီပါ . . ."

နမ်းရည်နှင့် စကားမယ်သည် ရယ်ကြတော့၏။ ခန်းမောက်ကား ပြုံး၍ ဤသို့ဆို၏။

"စန္ဒမုက္ခီရုက္ခစိုးမရဲ့ ယောကျ်ားက . . ."

"ကိုယ်တော် ရုက္ခစိုးမပါ ဆိုမှပဲ ဘယ်မှာ ယောကျ်ားရှိပါမလဲ . . ."

"မတင့်ရယ် ယောကျ်ားမရှိဘဲနှင့် သားနှစ်ယောက်"

"ကိုယ်တော် ရုက္ခစိုးမဆိုတာ နတ်မိမယ်။ နတ်မိမယ်ဆိုတာ ကြင်ဖက် ခင်ပွန်းမရှိဘဲနှင့် သားမွေးနိုင်တယ်ဘုရား . . ."

"ဒေါ်ပေရယ် . . . စာတွေ နင်းဖတ်ပြီး မိန့်တော်မူပါ . . ."

"အဲသည် ရုက္ခစိုးမက သံသရာ၏ မ,သဘာဝအတိုင်း လူမများမှာ သားသမီး တိုးလိုးတွဲလောင်းနှင့်နေတာကိုမြင်တော့ ကလေးလိုချင်လို့ တောင့်တ၊ တောင့်တဖန်များတော့ မတို့၏ သဘာဝ တန်ခိုးအတိုင်း ရင်ခွင်ထဲမှာ ဆယ့်ငါးနှစ်ရွယ်သားကလေး နှစ်ယောက်ကို ဖြစ်ပေါ်လာကာ ရပါသတဲ့ . . .၊ ရုက္ခစိုးမမှာ ကြင်ဖက်တော် မရှိဘဲ သားသမီးရနိုင်ပါတယ် . . ."

"ကိုင်း . . . ဒေါ်ပေရယ် ပြောပါဗျာ . . ."

"အဲ . . . ရုက္ခစိုးမ၏ သားနှစ်ယောက် ချွန်းမောက်နှင့် ချွန်းကောက်တို့သည် မိမိတို့တည်ပင်ကြီးမှ တည်သီးများကို မြင်ရဖန်တွေ့ရဖန်များတော့ မလှမပပဲ ရိုးနေလေတော့ပြီ . . ."

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . ."

"ဒါနှင့် ချွန်းမောက်နှင့် ချွန်းကောက်က သူ့အမေ ရုက္ခစိုးမ စန္ဒမုက္ခီအား သူတို့၏ တည်ပင်ကြီးအနားရှိ ဖန်ခါးပင်ပေါ်က ကျီး

mgyoe.com

mgyoe.com


အာသီး နှစ်လုံးကို ယူပေးပါလို့ ပူဆာတော့ ရက္ခစိုးမစန္ဒမုက္ခိက ငါဟာ မိန်းမ သစ်ပင်ကို မတက်နိုင်၊ နင်တို့ ညီအစ်ကို တက်ပြီးယူပါ။ ဖန်ခါး ပင်ကို မှီနေရတဲ့ ရက္ခစိုးကြီး သီလရက္ခိတကို ငါ တောင်းပန်ပေးပါ မယ် . . . သီလရက္ခိတဟာ ငါ့ကို ပိုးပန်းနေတယ် . . . ဒါပေမဲ့ သူ ဟာ သူတစ်ပါးအား အဝတ်ပုဆိုးကို မလှူခဲ့တာကြောင့် တုံးလုံးနေရ လို့ ငါက ဂရုမစိုက်၊ ငါက မျက်နှာချိုသွေးပြီး သွားကလေးဖော်ကာ တောင်းပန်ရင် သူ အခွင့်ပေးမှာ၊ မင်းတို့တက်ယူကြလို့ ဆိုသတဲ့. . ."

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . ."

"သည်တော့ ချွန်းမောက်နှင့် ချွန်ကောက်က ကျွန်တော်တို့မှာ နတ်မို့လို့ မင်ကြောင်မထိုးရတာကြောင့် အောက်ပိုးမကျိုက်ဝံ့တာ ကြောင့် သစ်ပင်ကိုတက်ဖို့ ခဲယဉ်းနေပါတယ်လို့ဆိုသတဲ့ . . ."

"ဩော် . . . ဒေါ်ပေရယ် . . . ကြုံကြုံစည်စည် ရှာရှာ ဖွေဖွေ ပြောမှ ပြောတတ်ပလေ . . ."

"ကိုယ်တော် ကြုံကြုံစည်စည်ရှာရှာဖွေဖွေ၊ မင်းသား သူဌေး သားတို့ လယ်ထွန်၊ ကိုင်းထွန်နေတဲ့ခေတ်မှာ သည်လိုဒဏ္ဍာရီလည်း ပေါ်လာရတာပေါ့ . . ."

"ကိုင်း . . . ပြောစမ်းပါဦးဗျာ . . ."

"သည်လို စန္ဒမုက္ခိရက္ခစိုးမသည် သားနှစ်ယောက် ချွန်းမောက် ချွန်းတောက်တို့နှင့် စကားပြောနေကြသည်တွင် မင်းသား မောင်လူ ပိန်က ဝအောင် လမ်းလျှောက်ကျင့်ရင်း နံနက်စောစော ရောက်လာ ပါတယ် . . . သည်အခါ စန္ဒမုက္ခိက အသင်မင်းသား ငါ့အား ဖန်ခါး ပင်ပေါ်မှာရှိတဲ့ ကျီးအာသီးနှစ်လုံးကို ယူပေးပါ သင်လိုချင်သော ဆုကို ငါပေးပါမည် ဆိုသတဲ့ . . ."

"သည်တော့ မင်းသား မောင်လူပိန်က အစ်မ ရက္ခစိုးဖန်ခါး

mgyoe.com

mgyoe.com


ပင်စောင့်နတ်က အခွင့်ပေးမလားဆိုတော့ ရုက္ခစိုးမ,နတ်က ကိစ္စမရှိ၊ မမက ဖန်ခါးပင်စောင့်နတ်ကို ညှိသလိုလုပ်ပြီး ပြောလိုက်မယ်၊ သူဟာ မမကို ကျားတို့သဘာဝအတိုင်း ပိုးနေတယ် . . .၊ တက်သာတက် ကိစ္စမရှိလို့ဆိုသတဲ့"

"မတင့်တင့် . . . မတင့်ရဲ့ ဒဏ္ဍာရီက မင်းသားလည်းမနေရ၊ ရုက္ခစိုးနတ်လည်းမနေရ၊ ကျားတို့သဘာဝ ပိုးတယ်ဆိုတာကတော့ မတော်ဘူးဗျာ . . ."

"ဩော် . . . ယောကျ်ားဆိုတာ မပိုးဘူးလား၊ လူပျိုကလေးတစ်ယောက်ဟာ ကျွဲဖြူကြီးကိုစီးပြီး ရွာထဲကို ပြန်လာ၊ လမ်းမှာ တော်တော် ချောလှတဲ့နမ်းလိုကို တစ်ပုံတည်း တထေရာတည်း ချောလှတဲ့ . . ."

"အို . . . အတင့်ရယ် . . . နမ်း . . . နမ်းတောင် အတင့်ရဲ့ ဒဏ္ဍာရီထဲပါနေပြန်ပြီ . . ."

"မပါပါဘူး . . . သာဓကပါ . . ."

"ပြောပါဗျာ . . ."

"နမ်းနမ်းနှင့် တထေရာတည်း ချောလှတဲ့ အပျိုကလေးက အစ်ကိုကြီးရယ် . . . ကျွန်မရဲ့ စပါးတောင်းကလေးကို ပင့်ပေးစမ်းပါဆိုတော့ ဟဲ . . .ဟဲ . . . ဆိုကာ ဟဲပြီး ပင့်ပေးသတဲ့ ဒါဟာ ပိုးတာဘုရား . . ."

"ဟုတ်တယ် . . . ဟုတ်တယ် . . . ဟုတ်တယ် . . . ထင်းစည်းမဟုတ်လို့တော်သေး . . ."

"ဟာ . . . အချစ်ကလည်း . . ."

နမ်းရည်ကား စကားမယ်၏ ပေါင်ကလေး ဝဝအိအိကို အသာအယာ ဖိလိုက်ကာ ရယ်ကြ၏။ တင့်တင့်ခင်ကား ဆက်၍

mgyoe.com

mgyoe.com


ပြောပြန်၏။

"မင်းသား ကိုလူပိန်လည်း ခါးတောင်းကို မြှောင်လှအောင် ကျိုက်ပြီး ဖန်ခါးပင်ပေါ်တက်ယူကာ ကျီးအာသီးနှစ်လုံးကို ရုက္ခစိုးမ အား ယူပေးပြီးတော့ ကျွန်တော့်အား ဝတဲ့ဆေးကို ပေးပါလို့ တောင်း သတဲ့၊ သည်တော့ စန္ဒမုက္ခီက အမောင်မင်းသား ... ဝအောင် ခွေးတောက်ရွက်ကြမ်းနှင့် ခွေးရူးသားကို ဟင်းချိုချက်စားလို့ပြော သတဲ့ ...'

"ကြံကြံဖန်ဖန်အတင့်ရယ် ..."

"နားထောင်ပါဦး ကိုယ်တော် ... သည်အခါ မင်းသား ကိုလူပိန်က အစ်မ ခွေးတောက်ရွက်နှင့် ခွေးရူးသားကို ချက်စားရင် ရူးမှာပေါ့ဆိုရာ၊ စန္ဒမုက္ခီက အမောင်မင်းသား အရူးများဟာ အမြဲ ဝတတ်တယ်လို့ ပြန်ပြောသတဲ့ ..."

"အတင့်လေ ... တကယ်ပဲ ကြံစည်တာပဲ ..."

"နေပါဦးကိုယ်တော် ... ရုက္ခစိုးမ စန္ဒမုက္ခီရဲ့သား ချွန်း မောက်နှင့် ချွန်းတောက်တို့က ကျီးအာသီးကို ရကြတော့ ခွဲပြီး ကြည့် ရာ အတွင်းကမည်းနေလို့ ဟင် ... လှတာများဟာ အတွင်း မည်း ကြီးလို့ဆိုကာ ယူဆထားကြတာနှင့် ချွန်းမောက်နှင့် ချွန်းတောက်တို့ အသက် အစိတ်စီရှိကြတော့ ကာလီနတ်သမီးရဲ့ သမီး မည်းမှုတ်နှင့် မည်းတူကိုတောင်းပြီး ပေးစားရသတဲ့ ကိုယ်တော် ..."

"အင်း ..."

"သည်ဒက္ခဏာရီကို ထောက်ဆပြီး ကျီးအာသီးမှည့်ကိုသာ မြင် ဖူးတဲ့ ချွန်းမောက်နှင့် ချွန်းတောက်လို ကိုမောက်နှင့် ကိုတောက် ဟာ နေကြရင် ကိုယ်တော်က ကိုတောက်နှင့် ကိုမောက်ကို ချီးမွမ်းခြင်း သည် ချီးမွမ်းတန်သည့် လူရည်ကို ရှုဖြစ်နေပေါ့မယ်ဘုရား ..."

mgyoe.com

mgyoe.com


"ကတဲ . . . စကားတတ်တိုင်း ပြောတာပဲ . . . ကိုင်း စောစောပဲ အိပ်ကြစို့ဗျာ . . ."

စကားမယ်၊ နမ်းရည်၊ တင့်တင့်ခင်တို့သည် အိပ်ကြရန် အခန်းတစ်ခုသို့ ဝင်မည်ပြုကြရာ တင့်တင့်ခင်က ထိပ်ထား ကိုယ်တော်ကလေးကို သနားနေပြီလားဟု တော့လိုက်ရာ ခန်းမောက် အိမ်ရှေ့မင်းလည်း အခန်းတစ်ခုသို့ အိပ်ရန်ဝင်မည်အပြုတွင်ပင် ဘာသနားရမလဲဗျာ . . . ဟုဆိုသဖြင့် နမ်းရည်က "သြော် . . . သည်ကနေ့နံနက်က လယ်သမားတွေ အလုပ်ထဲမှာ ရောနှောကာ နမူနာစံပြခဲ့ရလို့ ပင်ပန်းလာမယ်ထင်တာကြောင့် သနားနေပလားလို့ အတွေးနှင့် ဆိုတဲ့သဘောပါ . . ."

* * *

mgyoe.com

mgyoe.com

## အခန်း (၆)

နောက်တစ်နေ့သော် တပေါ်တပါးနှင့် ကျောက်ပုတီး အလုပ်ရုံသို့ စကားမယ်၊ နမ်းရည်၊ တင့်တင့်ခင်တို့သည် ထွက်သွားကြရာ အိမ်ရှေ့မင်း ခန်းမောက်သည်လည်း ခမည်းတော် အမိန့်အရ လွှတ်တော်သို့တက်ရလေ၏။

ခန်းမောက်သည် လွှတ်တော်၌ တောင်ပြင်မှ ရက်ကန်းရုံ သူဌေးကြီးနှင့် အောက်ပါလျှောက်လွှာကို တင်လေ၏။

"တမ္ပဝတီရွှေပြည်တော်၊ တောင်ပြင် ရက်ကန်းရုံပိုင်ရှင် သူဌေးငပိန် လျှောက်ထားပါသည် ဘုရား"

"အလုပ်သမားများက ၎င်းတို့၏ လုပ်ခကို တစ်ရာလျှင် နှစ်ဆယ်ကျပ်ကျလျှော့ယူ၍ အလုပ်ချိန်ကို တိုးလုပ်ရရန် တညီတည်းဆုံးဖြတ်ပြီးသော် တောင်းဆိုကြပါသည် . . ."

"ကျေးတော်မျိုးက ငါသည် မြတ်လွန်းအားကြီး၍ တစ်ရာမှာ တစ်ဆယ့်ငါးကျပ် လုပ်ခကို တိုးပေး၍ အလုပ်ချိန်ကို

mgyoe.com

mgyoe.com


လျှော့မည်ဟုပင် ကြံရွယ်နေပါသည်။ ထို့ကြောင့် အမောင်တို့၏ တောင်းဆိုချက်ကို မပေးနိုင်ဟုဆိုပါသည် . . .”

“ထိုအခါ အလုပ်သမားမှူးက ကျွန်တော်များ လုပ်ခကို လျှော့၍ တောင်းခြင်းနှင့် အလုပ်ချိန် ပိုတောင်းခြင်းသည် အထည်များများ ထွက်၍ အထည်ဈေးကျရန် ဖြစ်ပါသည်ဟု ဆိုပါသည်. . .”

“ကျေးတော်မျိုးကလည်း လုပ်ခကို တိုးပေးပြီးလျှင် အလုပ်ချိန်ကိုလျှော့၍ အထည်ဈေးကို ကျစေပါမည်ဟု ဆိုပါသည် . . .”

“အလုပ်သမားမှူးက သည်သို့ဆိုသော် သုဝဏ္ဏဘုမ္မိတိုင်းသို့ ပို့နေရသော အထည်များ . . . လျော့သွားမည်ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ဝင်ငွေကို ထိခိုက်ပါလိမ့်မည်။ ထို့ကြောင့် အလုပ်သမားများ တောင်းဆိုခြင်းကိုသာ အခွင့်ပြုသင့်ပါသည်ဟု အခိုင်အမာ ပြုနေကြပါသည် . . .”

(ပုဂံပြည်ကြီး ကောင်းစား၍ ရွှေမိုးငွေမိုး ရွာရခြင်းသည် ထိုသဘောအားဖြင့်သာ ဖြစ်တန်ရာပါသည်။ ပါးစပ်ရာဇဝင်ဇာတ်သမားများ၏ ပြဇာတ်ရာဇဝင်တို့အရ၊ ရှင်အဋ္ဌဂေါဏကဲ့သို့သော ပုဂ္ဂိုလ်တို့ကြောင့် မဟုတ်တန်ရာပေ)

“ထို့ကြောင့် လွှတ်တော်ကြီးက ဆုံးဖြတ် ပေးတော်မူပါဘုရား . . .”

ထိုလျှောက်လွှာကို နားခံတော်က ဖတ်ပြ၍ ခန်းပိုက်သည်သေချာစွာ နားထောင်ပြီးသော် ဤသို့ဆိုလေ၏။

“ဝန်ကြီးချုပ်က ဘယ်လိုသဘောရသလဲ . . .”

“တော်တော်ခက်တယ်၊ သူဌေးမောင်ပိန်ရယ် မင်းက နာမည်နှင့်

mgyoe.com

mgyoe.com


မညီ၊ ဝလိုက်တာလည်း ပုံဆိုးပန်းဆိုး၊ ဘယ့်နှယ် အလုပ်ရှင်က လုပ်ခ ပိုပေးချင်၊ အလုပ်ချိန်ကလျှော့ချင် လုပ်သားများက လုပ်ခကို လျှော့ယူချင်၊ အလုပ်ချိန်ကို ပိုလုပ်ချင်၊ ခွကိုခွ ကိုယ်တော်ကလေး၊ မောင်ပိန် ရယ် သူတို့တောင်းဆိုတာကို ပေးလိုက်ရောပေါ့ . . .”

“ဝန်ကြီးချုပ်မင်း၊ ပြောတော့လွယ်တယ်၊ ကိုယ့်အလုပ်ရုံက အလုပ်သမားများဟာ တခြားအလုပ်ရုံက အလုပ်သမားများလို လုပ်ခ မရရင်၊ ကျွန်တော် စဉ်းလဲရာ ရောက်သွားမှာ၊ မကြာမီကပဲ တောင်ပြင် စာပွဲသဘင်မှာ ထိပ်ထားစကားမယ်က စဉ်းလဲတဲ့ငွေရှင်များဟာ ခွေးလေထက်ဆိုးတယ်။ ခွေးလေဟာ နိုင်ငံတော်ကိုမဖျက်နိုင်။ စဉ်းလဲတဲ့ငွေရှင်ဟာ နိုင်ငံတော်ကို ပျက်စေနိုင်တယ်လို့ ပြောသွားပါသေးတယ် . . .”

“ကိုင်း . . . ဘ၊ ဘရဲ့ လျှောက်လွှာကို အသာထားပြီး ဆိုင်းပါဦး၊ ဘတို့ထံ ဘတို့ရဲ့ မင်းသမီးကိုပဲ လွှတ်လိုက်ပါမယ် . . .”

“ကျေးဇူးပါကိုယ်တော် . . .”

*

နောက်တစ်နေ့သော် . . . အိမ်ရှေ့မိဖုရား စကားမယ်၊ နမ်းရည်၊ တင့်တင့်ခင်တို့သည် တောင်ပြင်သူဌေးကြီး ဦးပိန်၏ ရက်ကန်းအလုပ်ရုံသို့ သွားရောက်ကြလေ၏။

“ကြွကြွပါ . . . ကြွကြွပါ . . .”

*

“ဦးလေးထိုက် . . . ကြွပါ . . .”

“အမိန့်တော်ရှိပါဘုရား . . .”

mgyoe.com

mgyoe.com


"ဦးလေးထိုက်တို့ အလုပ်သမားများက လုပ်ခကိုလျှော့ယူပြီး အလုပ်ချိန်ကို ဘာကြောင့် ပိုတောင်းရပါသလဲ၊ သေချာစွာ ရေလည်အောင် အမိန့်ရှိပါ . . ."

"ထိပ်ထား တစ်နေ့ကပင် အထည်များကို သုဝဏ္ဏဘူမိတိုင်းသို့ သွားသော သင်္ဘောသို့တင်ပို့ရန် သွားတော့ သင်္ဘောသူကြီးနှင့် တွေ့လို့ သင်္ဘောသူကြီးက ပြောပြပါသည်"

"ဟုတ်ကဲ့ . . ."

"သုဝဏ္ဏဘူမိတိုင်းသို့ အနောက်မဇ္ဈိမမှ ကုလားလူမျိုး သင်္ဘောတစ်စင်းရောက်လာပါသတဲ့ . . ."

"ဟုတ်ကဲ့ . . ."

"သူတို့ရဲ့ သင်္ဘောမှာလည်း အဝတ်အထည်များ များစွာပါလာ ပါသတဲ့ . . ."

"ဩော် . . ."

"သည်တော့ ကျွန်တော်များထံက အဝတ်အထည်များဟာ ကောင်းတာကတော့ ထားတော့၊ အဝတ်အထည်ဈေးချိုနိုင်သမျှ ချိုရမယ်၊ ပြီးတော့လည်း လိုသလောက်ရနိုင်ရမယ် . . ."

"ဒါတော့ဟုတ်တယ် . . ."

"တကယ်လို့ သူတို့ရဲ့ အထည်ဈေးကချိုပြီး၊ အထည်လိုသလောက်ပေးနိုင်နေရင်၊ ကျွန်တော်များရဲ့ အထည်များသည် တွင်ကျယ်တော့မှာ မဟုတ်တော့ပေ၊ မတွင်ကျယ်သော် ကျွန်တော်များ အလုပ်သမားများကို ထိလာပေလိမ့်မည်၊ နိုင်ငံတော်ကိုလည်း ထိခိုက်ပေတော့မည် . . ."

"ဟုတ်ပါတယ်၊ ကျွန်မ ယခုလိုသိရတာကို သိပ်ကိုကျေးဇူးတင်ပြီး ဝမ်းသာပါတယ်၊ အနောက်နိုင်ငံသားများဟာ မျက်စိကျယ်

mgyoe.com

mgyoe.com


ပြီး ရက်စက်တယ်၊ ဦးလေးထိုက်ဟာ တိုင်းပြည်ရဲ့သားစစ် လူစိတ်ဓာတ်ဝင်နေသော အလုပ်သမားကြီးတစ်ယောက်ကြောင့် သည်သဘောကို ဝင်ဆုံ့တာပါ”

“မှန်လှပါ . . .”

“သည်တော့လေ. . . ကျွန်မကလည်း ကစားရတာပေါ့. . .”

“အမိန့်တော်ရှိပါ . . .”

“လုပ်ခကို လျှော့မတောင်းကြပါနှင့်၊ အထည်အတွက်နှင့် တွင်ကျယ်တာကိုကြည့်ပြီး လုပ်ခကို ပိုပေးတန်ပေးရမယ်၊ ခုပေးဖို့ မဆိုသေးပါဘူး။ အလုပ်ချိန်ကိုလည်း မပိုပါနှင့် အရှေ့အတိုင်းပေါ့။ သည်တော့ အနောက်နိုင်ငံက အထည်ကို ဘယ်လိုတိုက်လွှတ်မလဲ”

“အမိန့်တော်ရှိပါ . . .”

“အလုပ်သမားတိုး၊ နံနက်ပိုင်းအလုပ်သမား၊ သူတို့ဟာ နေ့လယ်ပိုင်းမှာနား၊ ညနေပိုင်းမှာပြန်ဝင်၊ ညပိုင်းမှာ ဂွမ်းဖတ်ချည်ဆွဲ၊ ဂွမ်းကြိတ် အလုပ်သမားတိုးထား၊ အထည် ယခုထက် အများကြီးပိုထွက်မယ်၊ အများကြီးပိုထွက်ရင် အမြတ်များမယ်၊ အဲသည်တော့ အထည်စျေးကို ချနိုင်တယ်၊ အထည်စျေးချိုနေရင် အနောက်နိုင်ငံက အထည်တွေဟာ တိုးနိုင်ဖို့မမြင် . . .”

“ကျေနပ်ပါပြီ . . .”

“ကျွန်မ သိပ်ဝမ်းသာတာပဲ။ နိုင်ငံတော်က အလုပ်သမားတွေဟာ သိပ်ကိုအမြင်မှန်တာကိုး၊ ဒါကြောင့် မြန်မာဧကရာဇ်နိုင်ငံတော်ကြီးလို့ တံခွန်စိုက်နိုင်နေတာပဲ . . .”

“ထိပ်ထားတို့က ဉာဏ်သစ်နှင့် အလုပ်လုပ်ပေးတော့ အလုပ်သမားများဟာ အလုပ်လုပ်ဖို့ သဘောတရားမှန်ကို သိလာကြရတာပေါ့ . . .”

mgyoe.com

mgyoe.com


ထိုသို့ အိမ်ရှေ့မိဖုရား စကားမယ်သည် နမ်းရည်၊ တင့်တင့် ခင်တို့နှင့် လာရောက်စေ့စပ်ပြောဆိုရာတွင် သူဌေးကြီး ဦးပိန်၏ ကတော် ဒေါ်ဆွေ၊ သမီးကလေး မြအနှစ်တို့သည် ကောင်းစွာ ဧည့်ခံ ကာ ရှိကြလေ၏။ မြအနှစ်သည် စကားမယ်အား ဤသို့ လျှောက်ထား လေ၏။

"ထိပ်ထားဖျားကျွန်မ လျှောက်ထားပါရစေ . . ."

"ညီမတော်ကလေး ပြောပြော . . ."

"ဖျားကျွန်မတို့ မွေးသားချင်းသုံးယောက်ရှိရာ မောင် အကြီး ဆုံးက ပုပ္ပါးတောင်ဘက် မြို့ကြီးကုန်းမှာ သူဌေးတစ်ဦးအဖြစ်နှင့် နိုင်ငံတော်ကို စည်ပင်ဝပြောစေပါသည်။ မောင်အလတ် ဖျားကျွန်မ ထက်အကြီးက သင်္ဘောနှင့် ပုသိမ်သို့သွားလာနေပါသည်။ ဖျားကျွန်မ က အငယ်ဆုံးဖြစ်နေပါသည်"

"အင်း . . ."

"သည်တော့ အဖေနှင့် အမေ့ထံမှာ ရှိနေသော ရွှေငွေ ဘဏ္ဍာပစ္စည်း ပစ္စယ လယ်ယာမြေတာတို့ကို ဖျားကျွန်မ ဘာလုပ် ရမှာပါလဲဘုရား . . ."

"မောင်ကြီးနှစ်ယောက်က . . ."

"မောင်ကြီးနှစ်ယောက်ကလည်း သည်ဥစ္စာရွှေငွေတို့နှင့် ပတ်သက်လို့ ငါတို့ကို မပြောနှင့် နင့်သဘော၊ ဒါပေ့ အရည်းများကို တော့ မလှူရဘူးတဲ့၊ အရည်းမှန်းသိရင် ဆွမ်းတောင် မလောင်းရဘူး တဲ့။ အဲသည်တော့ ဖျားကျွန်မတို့ သည်လို ရွှေငွေတွေပေါတာကြောင့် ဘုရင့် ဘဏ္ဍာတိုက်ထဲသို့ သွင်းထားပါရစေလို့ သွားပြီး လျှောက်ထား တော့ ဘုန်းတော်ကြီးဘုရားကလည်း၊ ကောင်မကလေး ဘာအရူးထ သလဲ ဆိုကာ ခေါင်းကိုပုတ်ပြီး လွှတ်ပါတယ် . . .၊ အဲသည်တော့

mgyoe.com

mgyoe.com


ကိုယ့် အလုပ်ရုံက အလုပ်သမားတွေအား လုပ်ခပိုပေးချင်တာပါ ဖုရား ...”

“သည်လိုညီမတော်ကလေးရယ် ... ညီမတော်ကလေးတို့က ငွေ့ရှင်ဝါဒဆိုး၊ အရင်းရှင်ဝါဒဆိုးနှင့် အလုပ်မလုပ်ပဲ လူ့ဝါဒနှင့် လုပ်တော့ အလုပ်သမားများကို တင့်တယ်စေချင်တာပေါ့ ...”

“မှန်လှပါဖုရား ...”

“အလုပ်သမားများကလည်း အလုပ်ရုံသည် သူတို့အလုပ်ရုံ သူဌေးကြီး ဦးပိန်က အလုပ်ရုံတည်ထောင်ပေးတယ်၊ အလုပ်ဆိုတာ တိုင်းပြည်လူမျိုးအတွက် ဖြစ်စေရမယ်လို့ လူ့ဝါဒရှိကြတော့၊ သူတို့ ကလည်း လုပ်ခကို ပိုပြီးမယူကြဘူး ရှက်ကြတာပေါ့၊ အလုပ်ချိန်ကိုလည်း တိုးတန်ရင်သာ တိုးမယ် ...၊ မလျှော့ဝံ့ကြဘူး အလုပ်ရုံအား ထိခိုက် မှာကို ကြောက်ကြတာပေါ့ ...”

“အဲသည်တော့နော် ... အလုပ်သမားများအား သုံးလ တစ်ကြိမ်ဖြစ်စေ၊ ခြောက်လတစ်ကြိမ်ဖြစ်စေ။ ဆုပေးတာပေါ့၊ ဆုဆို တာဟာ လုပ်ခမဟုတ်ဘူးဆိုတာကို သူတို့နားလည်ပါတယ်...၊ သူတို့ကလည်း ဆုပေးပါလို့ သူတောင်းစားမဟုတ်လို့ ဘယ်တော့မှ တောင်းကြမယ်မဟုတ် ...”

“မှန်လှပါဖျား ကျွန်မနားလည်ပါပြီ အမေ ...”

“အေး ... ငါက သိပ်သဘောကျတာပေါ့ ...၊ အသေ ကောင် ငထိုက်ခေါ် လိုက်စမ်းပါဟယ် ...”

*

“ဟော့ ... ငထိုက် ဟောထိပ်ထားက ဆုပေးထိုက်တယ်တဲ့၊ နင်နောက်တော့ ငါ့ကို တောင်ပြော၊ မြောက်ပြော မပြောနှင့် ...”

mgyoe.com

mgyoe.com


"ထိပ်ထား . . ."

"ဆိုပါဦးလေး ထိုက် . . ."

"တစ်ခါတုန်းက အလုပ်သမားတွေအား ဆုပေးပါတယ် . . ."

"ဟုတ်ကဲ့ . . ."

"တစ်ယောက်လျှင် တစ်နှစ်လုံး လုပ်ခနှင့်အညီ ဆုပေးပါတယ်။ သည်တော့ အလုပ်သမားတွေက ငြင်းကြပါတယ်။ မေမေက ယူရမယ် မယူရင် နင်တို့အား ငါ့ဖိနပ်နှင့်ကိုရိုက်မယ်ဆိုလို့ မျက်ရည်ကျပြီးယူရပါတယ် . . ."

"သြော် . . . ဦးလေးထိုက် များပြီး ပေးတာကိုပဲ မယူချင်ဘူးရယ်လို့ . . ."

"များပြီး မတန်မဆပေးလို့ကို မယူချင်ကြတာပါ . . ."

"ဘာကြောင့်တဲ့လဲ . . . ဦးလေးထိုက်ရယ် . . ."

"တခြားအလုပ်ရုံက အလုပ်သမားတွေကြားကုန်ရင် သင်းတို့အလုပ်သမားတွေဟာ အင်မတန်လောဘကြီးတယ်လို့ အဆိုခံရမှာဖျား၊ မမနမ်းကလည်း စာပွဲသဘင်မှာ လောဘကြီးတဲ့ လူဟာ ခွေးနဲ့အတူတူ၊ လောဘကြီးရင် သူတစ်ပါးအပေါ်မှာ မနာလိုစိတ်ရှိလာပါတယ်တဲ့ ပြောသွားပါတယ်၊ သည်တော့ ရှက်ကြတာပေါ့ . . ."

"ငထိုက် ငါတို့လင်မယားက အလုပ်ရုံတည်ထောင်တာဟာ ငါတို့အတွက်မဟုတ်ဘူး . . .၊ ငါ့သားနှစ်ယောက်အတွက်လည်း မဟုတ်ဘူး၊ ငါ့သမီးကလေး မြအနှစ်ရဲ့အတွက်လည်း မဟုတ်ဘူး၊ မြအနှစ်ဟာ မြေပေါ်ပစ္စည်းများကို သူ့နှစ်သက် စားမကုန်ဘူး၊ မင်းတို့အလုပ်သမားတွေအတွက် တည်ထောင်တာဟဲ့ . . . သည်တော့ အလုပ်ရုံက မြတ်သမျှ ပေးမှာပဲ . . ."

"ခက်တယ် . . . မေမေပြောတာ မှန်တယ်၊ ကျွန်တော်တို့

mgyoe.com

mgyoe.com



ကလည်း တိုင်းပြည် လူမျိုးတွေရဲ့အကျိုးကို ရှေးရှုပြီးလုပ်တာပဲ၊ အဲသည်တော့ တိုင်းပြည်အတွက်လည်း လိုသေးတယ် မေမေရယ် . . .”

“ငထိုက်ရယ်၊ ရှိတယ် . . . ရှိတယ် . . . အရည်းများဖို့သာ မရှိဘူး . . .”

“ကိုင်းလေ . . . ခုတော့ သည်လိုပဲ ကျွန်မပြောတဲ့အတိုင်း ရှိကြပါစေဦး။ ကျေနပ်ကြပါ အလုပ်သမားများအား တစ်ခုပြောပါရစေ။ ငွေရေးကြေးရေးနှင့်ပတ်သက်ပြီး စိတ်ဆင်းရဲမခံကြပါနှင့် ချက်ချင်း ဒေါ်ဒေါ်ထံ ပြောကြားပါ . . .”

“ထိပ်ထားရဲ့ မကြာမီကပဲ သူတို့ အလုပ်သမားစုကို ပျင်းပျင်းရှိတာနှင့် လျှောက်သွားတော့ ငမျှော်၊ ငမျှော် ငမျှော် ငမျှော့်မိန်းမ မခင်မြင့်ကြီးကို မြင်ရတော့ မျက်နှာမကောင်းဘူး။ ဟယ် . . . ခင်မြင့်ကြီး ဘာဖြစ်သလဲ မေးတော့ ကောင်မ မပြောဘူး၊ ထပ်ပြီး မေးတော့ ငမျှော်က မပြောနှင့်တဲ့၊ သည်တော့ သယ် နင့်ကို နှက်ရမလား ဆိုတော့မှ ငမျှော်က . . .”

“ဟုတ်ကဲ့ . . .”

“ဟိုမောင်သောင်းတို့ သစ်ခုတ်ဖို့ တက်သွားတော့ မောင်သောင်းရဲ့မိန်းမ တင်တင်ဥစားဖို့ မောင်သောင်းတို့ဆရာက ငွေပေးတဲ့အခါ သူက အာမခံလိုက်တယ်။ အာမမခံနှင့်လို့ ပြောပါတယ် . . . နားမထောင်ဘူးတဲ့ ခင်မြင့်ကြီးကလည်း သဘောတရားအကျအချင်းချင်းပဲကူပံ့ရမှာတဲ့ ဒါဟာလူ့ဝတ္တရားပဲတဲ့ . . .”

“ဟုတ်တယ်လေ . . .”

“သည်တော့ ငမျှော်က ပြောပြတယ်၊ ခုမောင်သောင်း ဖျားပြီးပြန်လာတော့ မောင်သောင်းရဲ့ ဆရာကတော်က မခင်မြင့်ကြီးထံမှာ အာမခံတဲ့ငွေကို တောင်းလို့ မေမေရေ့၊ ဒါကြောင့် သူ့မျက်နှာ

mgyoe.com

mgyoe.com


မကောင်းတာလို့ ပြောပြပါတယ်။ ဒါနှင့် ခင်မြင့်ကြီးလာခဲ့လို့ ခေါ်သွားပြီး ငွေပေးလိုက်ရတယ်၊ ကိုယ်အာမခံပေးတဲ့ငွေကို အတိုးပါခံပြီး ပေးလိုက်လို့ ပြောရတယ် ထိပ်ထားရဲ့၊ သူတို့က ငွေလိုပေတယ်လို့ ပြောတာမဟုတ်ဘူး၊ ဒေါ်ဒေါ်ကလည်း သူတို့ငွေကြေး အရေးနှင့် ပတ်သက်ပြီး စိတ်ညှိုးငယ်ရတာကို နည်းနည်းမှ မကြိုက်ဘူး။ ဒါကြောင့် ဆုငွေကိုပေး၊ လုပ်ခကိုတိုးပေးဖို့ စီမံရတာပဲ"

"ဦးလေးထိုက်တို့ကလည်း ငွေကြေးလိုရင် ပြောမှပေါ့"

"မေမေက ငွေရေးကြေးရေးနှင့်ပတ်သက်က နှုတ်မြောကို မနှုတ်မြောဘူး၊ ဒါကြောင့်ကို မပြောချင်တာပါဘုရား . . . "

*

ထိုကဲ့သို့လျှင် ခန်းလောင်းမင်းလက်ထက်ကစ၍ တမ္ဗဝတီမှာ လူ့သဘောတရား၊ တိုင်းပြည်လူမျိုးသဘောတရားတို့ကို အရည်းဝါဒ မဟုတ်သူများတွင် နားလည်သူများကြ၍ ထိုခေတ်သည် ပျော်စရာသော ခေတ်ကြီးဟု ဆိုလိုလျှင် ဆိုသင့်မလား . . .။

အနော်ရထာမင်းကြီး လက်ထက်တော်၌ ဗုဒ္ဓဘာသာကို တည်စိုက်နိုင်ခြင်းနှင့် နိုင်ငံတော်ချမ်းသာကြွယ်ဝသဖြင့် လူနေမြင့် တက်လာခြင်းတို့သည် မမေ့နိုင်လောက်အောင် ဖြစ်နေရခြင်းကား ထိုမင်း၏ လက်ထက်တော်တွင် ရုတ်တရက်ချက်ချင်းဖြစ်လာနိုင်မည်၊ မနိုင်မည်ကို အထူးစဉ်းစားရပေလိမ့်မည် . . .။

မင်းရိုးမဟုတ်သော မုက္ခမန်အမတ်၊ သူရဲအမတ်တို့ မင်းအဖြစ်နှင့် အုပ်စိုးစဉ်အခါက အရည်းတို့လျှမ်းလျှမ်းတောက် ကောင်းစားပြီးသော် ရဟန်းမင်း နိုင်ငံတော်ပင် ဖြစ်လုမတတ် ရှိနေလေတော့၏။ သို့သော် မျှးမတ်ပညာရှိများနှင့် နယ်လူထုများ၏ အမြင်

mgyoe.com

mgyoe.com


ကျယ်မှန်မှုကြောင့် သည်းထန်မင်းသည် သာရမွန်ဖျားအမည်ဖြင့် မင်းပြုပြီးနောက် ၎င်း၏မင်းဆက် သက်တိုင်မင်း လက်ထက်တော်က စ၍ အရည်းများကို တရွေ့ရွေ့ နှိမ်လာခဲ့ရုံမျှမက တိုင်းသူ ပြည်သားတို့ အား သဘောတရားမှန်ကို သွင်းလာလေသည် ...။

ထိုအခါ ထိုခေတ်များကစ၍ပင် မြန်မာနိုင်ငံတော်ကြီးဟု ထင်ရှားလျက် မြန်မာဧကရာဇ် နေပြည်တော်ကြီးသည် ထွန်းလင်း တောက်ပကာ နိုင်ငံတော်နှင့်အဝန်း တဖြည်းဖြည်း စည်ပင်သာယာ ဝပြောလာသဖြင့် သူဌေး၊ သူကြွယ်တို့ အလွန်ပေါ်များပြီးလျှင် မြန်မာ နိုင်ငံတော်ကြီးသည် တစ်စတစ်စ ကြွယ်ဝလာလေသည်။

ထိုသို့သော သဘောကြောင့် အနော်ရထာမင်းကြီး၏ ဗုဒ္ဓ ဘာသာကို တည်ထောင်စိုက်ထူနိုင်ခြင်းသည် ခဲယဉ်းချက်မရှိခြင်း ကို ထည့်သွင်းစဉ်းစားရာချေသည်။

အခါတစ်ပါးသော် အိမ်ရှေ့မင်း ခန်းမောက်သည် လွှတ် တော်သို့တက်ရန် အတွင်းဝန်မင်းနှင့် တွေ့ရသောအခါ အရည်း ဆရာတော် ဗန္ဓက၊ သူကြွယ့်သမီး လှအုံးကြည်၊ သူဌေးသား မောင် မျိုးတို့၏ အကြောင်းကို ကောင်းစွာသိခဲ့ရလေ၏။ ထိုသို့နှင့် လွှတ် တော်သို့ တက်ရောက်သောအခါ၊ အမျိုးသမီးတစ်ယောက်သည် သားငယ်ကို ရင်ခွင်ပိုက်၍ တရားစွဲဆိုရန် အသင့်ရှိနေသည်ကို အိမ် ရှေ့မင်း ခန်းမောက်သည် တွေ့ရလေ၏။

ထိုအခါ အိမ်ရှေ့မင်းသည် ထိုအမျိုးသမီးအား 'အမိရဲ့ နာမည် ဘယ်သူလဲ' ဟု မေးသဖြင့် ဤသို့စကား ထင်ရှားလာလေ၏။

"ဘုရားကျွန်မ လှအုံးကြည်ပါဘုရား ..."

"အမိသည် သူကြွယ့်သမီး မဟုတ်လား ..."

"ဟုတ်ပါသည်ဘုရား ..."

mgyoe.com

mgyoe.com


"အမိသည် ကလေးစားစရိတ်၊ မီးနေစရိတ်ကို တရားစွဲမလို့ မဟုတ်လား . . ."

"ဘုရားကျေးတော်မျိုးမ တင်ပါရစေဘုရား . . ."

"အမိ ကျုပ်မေးတာကိုသာဖြေပါ . . ."

"မှန်ပါသည် . . ."

"ကောင်းပြီ၊ အမိတရားစွဲဆိုလိုသည်ကို တရားမစွဲမဆိုရဟု ကျုပ်ကမဆို။ တရားစွဲဆိုသည်ကို လွှတ်တော်က လက်မခံလည်း မဟုတ်၊ သို့သော် တစ်ရက်တာ နှစ်ရက်တာ စဉ်းစားပါဦး၊ ဒါကြောင့် ကျုပ်ရဲ့အိမ်တော်ကိုသွား၊ ဟိုမှာ ထိပ်ထားစကားမယ်တို့နှင့် နှီးနှော ချင်လျှင်လည်း နှီးနှော၊ ကျုပ် လွှတ်ကဆင်းလာသော် အမိနှင့် အကြောင်းအကျိုးကို တိုင်ပင်ဆွေးနွေးကြသေးတာပေါ့ . . ."

"မှန်လှပါ့ဘုရား . . ."

* * *

mgyoe.com

mgyoe.com

## အခန်း (၇)

အိမ်ရှေ့မင်းသည် လွှတ်တော်၌ စီမံခန့်ခွဲ စီရင်ဆုံးဖြတ်စရာတို့ကို ခန့်ခွဲစီမံ စီရင်ဆုံးဖြတ်ပြီးသောအခါ လွှတ်တော်မှ ဆင်းသွားလေ၏။

အိမ်ရှေ့မင်းခန်းမောက်သည် အိမ်တော်သို့ ရောက်သောအခါ စကားမယ်၊ နမ်းရည်၊ တင့်တင့်ခင်တို့နှင့် ထိုးမုန့်စားကာနေသော လှအုံးကြည်ကို တွေ့ရလေ၏။ စကားမယ်လည်း ၎င်း၏ မောင်တော်ဘုရားအား ဤသို့ဆီးကာပြုံးတော့၏။

"မောင်တော်ဘုရား၊ လှအုံးကြည် တရားစွဲဆိုတာကို လက်ခံတော်မမူပါလားဘုရား . . ."

"အပြစ်တော် အရင်မစောပါနှင့် သဘောကို ချင့်တော်မူထိပ်ထား . . ."

*

mgyoe.com

mgyoe.com


"အမိန့်တော်သံ နာခံပါရစေဘုရား ..."
"ကျုပ်ကိုလည်း ထိုးမုန့်ပေးကြဦးဗျာ ..."

*

အိမ်ရှေ့မင်းသည် ထိုးမုန့်ကိုစားရင်း လှအုံးကြည်အား ဤသို့ မေးတော်မူလေ၏။

"အမိ ... အမိက အရည်းဆရာတော်ဗန္ဓကကို မီးနေစရိတ် ရလိုမှု၊ သားစရိတ်ရလိုမှု စွဲဆိုမလို့ မဟုတ်လား"

"ဟုတ်ပါသည်ဘုရား ..."

"ဆန်းတော့ ဆန်းဆန်းပါ၊ အရည်းက ဘယ်လိုလုပ်ပြီး မီးနေစရိတ်ငွေနှင့် သားစရိတ်ငွေကိုပေးမလဲ၊ အမိသည် ဆင်းရဲသူလည်း မဟုတ်၊ ကျိုကျိုတက်ချမ်းသာနေသော သူကြွယ်သမီးတစ်ယောက်ပါလား၊ စဉ်းစားပါဦး ..."

"ဘုန်းဘုရား ... ကျေးတော်မျိုးမ လျှောက်ထားပါရစေဘုရား ..."

"ကိုင်း ... ပြောပါ ... ပြောပါ ..."

"ကျေးတော်မျိုးမနှင့် ကိုမျိုးညွန့်တို့ ထိမ်းမြားလက်ထပ်ပြီးသောနေ့၏ညမှာ မိဘလေးပါးက ကျေးတော်မျိုးမအား ထုံးတမ်းစဉ်လာအတိုင်း ကျောင်းလွှတ်ပူဇော်ရန် စီမံကြပါသည် ..."

"ဟုတ်ပြီ... သည်တော့ ကိုမျိုးညွန့်က ဘာပြောသလဲ ..."

"ဘာမှမပြောပါ ..."

"ဆို ..."

"ဒါနှင့် မိဘများ သဘောကျေနပ်အောင် ကျေးတော်မျိုးမသည်

mgyoe.com

mgyoe.com


ပူဇော်ဝတ္တုပြုလုပ်ရပါသည် ..."

"ကောင်းပြီ ... ကျောင်းတော်သို့ ပို့သောအခါ ကိုမျိုးညွန့် ပါသလား ..."

"ပါပါသည် ..."

"သူက ဘာပြောသလဲ ..."

"ဘာမှမပြောပါ ..."

"ကောင်းပြီ ဆက်ပြောပါ ..."

"ဒါနှင့် နံနက်လင်းတော့ ကျေးတော်မျိုးမ အိမ်သို့ ပြန်၍ ကိုမျိုးညွန့်ကို ကြည်သောမျက်နှာနှင့်ကြည့်ကာ နှုတ်ဆက်ရာ၊ ကိုမျိုး ညွန့်က ဤသို့ဆိုပါသည် ..."

"အင်း ..."

"အရည်းက ကာမမေထုန် သဘောဖြင့်ကြည့်ပြီးသော မင်း မျက်နှာ၊ ကာမမေထုန်သဘောဖြင့် အရည်းကိုကြည့်သော မင်း မျက်လုံးတို့ကို ငါရွံသည်၊ ရွံလှပါသည်၊ ကာမမေထုန်သဘောနှင့် အရည်းကကိုင်သော သင့်ကိုယ်ကို ငါသည် စက်ဆုပ်လှပါသည်။ ကာမမေထုန်သဘောဖြင့် သင့်တစ်ကိုယ်လုံးကို အရည်းအား အပ်ခဲ့ ရသဖြင့် သင့်တစ်ကိုယ်လုံးကို ငါ လက်ဖျားကလေးနှင့်မျှ ထိရန်ထား ကြည့်ကိုပင် မကြည့်ချင်၊ မြင်ကိုပင်မမြင်ချင် ..."

"အင်း ..."

"ထိုသို့ပြောဆိုပြီးသော် ကိုမျိုးညွန့်သည် အိမ်ထက်မှ ဆင်း သွားသည်မှာ ယနေ့တိုင် မပေါ်လာတော့ပါ။ သူ့မျက်နှာကို ဘုရား ကျွန်တော်မျိုးမ ကြည့်ချင်မြင်ချင်လျက်သားနှင့် မကြည့်မမြင်ရတော့ ပါ ..."

"အင်း ... သူဟာ အရည်းများကို ကြည်ညိုကိုးကွယ်သူပဲ

mgyoe.com

mgyoe.com


မဟုတ်လား . . ."

"ဒါကိုမသိပါ . . ."

"သူ့မိဘကော . . ."

"သူ့မိဘက အရည်းဆရာတော်တစ်ပါး၏ ကျောင်းဒကာပါ . . ."

"ကိုင်း . . . ထိပ်ထားဉာဏ်ရှင်၊ ဘယ်လိုလုပ်ရမလဲ၊ ထင်မြင်ချက်ကို မိန့်တော်မူပါ . . ."

"ဇာတ်က ရှုပ်ပွေပွေကြီးကို . . ."

"ကိုင်း . . . အမိ၊ အရည်းဆရာတော်ဘုရားထံ ဘယ်နှညပူဇော်ရပါသလဲ . . ."

"ဘုရားကျွန်မသည် တစ်ညပါ၊ နောက်ညများမှာ စိတ်မချမ်းသာသဖြင့် မိဘများ၏ အလိုများကို မလိုက်လျောတော့ပါ . . ."

"အင်း . . ."

"ဘာကြောင့် တရားစွဲဆိုချင်ရသလဲ၊ ဘယ်သူက တရားစွဲဖို့တိုက်တွန်းသလဲ၊ မိဘများက သဘောတူသလား"

"ဘုရားကျေးတော်မျိုးမသည် ဗန္ဓကကို ကိုမျိုးညွန့်က ကျေးတော်မျိုးမကို ပစ်ထားခဲ့သဖြင့် မကျေနပ်ဘဲ၊ သူ့ကြောင့်ဟု အလွန်မုန်းပါသည်။ ရာဇဝတ်မှုမရှိလျှင် သူ့ကို ဓားနှင့် ထိုးသတ်ပါမည်။ ထိုကဲ့သို့ စိတ်သဘောဖြစ်နေ၍ စုံစမ်းရာ၊ ရှေ့ဆောင် ဦးရိုးနှင့် တွေ့သောအခါ၊ အရည်းဗန္ဓကထံက မီးနေစရိတ်၊ ကလေးစားစရိတ် စွဲဆိုနိုင်သည်။ သူတရားစွဲဆိုပေးမည်ဟု တိုက်တွန်းပါသည် . . ."

"အင်း . . ."

"ဘုရားကျွန်မက၊ ဗန္ဓကဟာ ငွေချမ်းသာပေမဲ့ မရှိဘူးဟု ငြင်းဆိုကာ မပေးဘဲနေလျှင်ကောဟုမေးရာ၊ ရှေ့ရပ်က မပေးချင်

mgyoe.com

mgyoe.com


နေပေစေ၊ သူ အရှက်ကွဲမည်၊ အရည်းဂိုဏ်းကြီး တိမ်မြုပ်ရန် အကြောင်းကြီး ဖြစ်လာရမည်။ မပေးသော် သူ့ကိုဖမ်း၍ ထောင်ချမည်။ ကျွန်ုပ်ရှေ့ရပ်တွက် အခစားနားမလိုဟုဆိုပါသည် . . .”

“အင်း . . .”

“ဘုရားကျွန်မ တရားစွဲမည်ကို မိဘများ မသိပါ၊ သိ၍တားမြစ်လျှင်လည်း ဘုရားကျွန်မ မနာမယူပါ။ တရားစွဲပါမည်။ အရည်းဗန္ဓကသည် ကိုမျိုးညွန့်က ဘုရားကျွန်မအား ချစ်ခြင်းကိုခွဲသူဖြစ်ပါသည် . . .”

“စဉ်းစား . . . အရည်းများက မလှအုံးကြည်ကို ဝိုင်းကာမုန်းကြလိမ့်မည် . . .”

“သူတို့မုန်းမည်ကို ဘုရားကျွန်မက ဂရုမစိုက်ပါ။ ဘုရားကျွန်မက သူတို့ကို အရင်မုန်းပြီး ဆွမ်းမလောင်းဘဲနေပါမည်. . .”

“ကိုင်း . . . မလှအုံးကြည် ငါးရက်စဉ်းစားပါဦး၊ ငါးရက်ရှိပြီးနောက် ကျုပ်ရဲ့ အိမ်တော်ကိုပဲ ကြွခဲ့ပါ၊ မိဘများကိုလည်း တိုင်ပင်ပါဦး . . .”

ထိုသို့ပြောဆို၍ အိမ်ရှေ့မင်းသည် အမှုထမ်း တစ်ယောက်ကို ခေါ်ပြီးသော် ရထားပေါင်းချုပ်နှင့် လှအုံးကြည်ကို ၎င်း၏အိမ်သို့ လိုက်ပို့စေလေ၏။

အိမ်ရှေ့မင်းသည် စကားမယ်တို့အား ဤသို့ ပြောလေ၏။

“ဘယ့်နှယ်လဲ မမတို့ အရည်းကို မီးနေစရိတ်ကလေး စရိတ်တောင်းနေပြီ။ မမတို့ရဲ့ အမျိုးသမီးများဟာ ကြောက်စရာပါလား . . .”

“မောင်တော်ရယ် . . . ဒါတော့တောင်းမှာပေါ့ . . .”

“သည်အကွက်ကိုဆင်တာဟာ မမတင့်ထင်တာပဲ”

mgyoe.com

mgyoe.com


"ဆင်ပေါင် . . ."

"မမတင့်ဟာ လှအုံးကြည်ကို မသိဘူးလား . . ."

"သိတာပေါ့ . . ."

"လှအုံးကြည်က မမတင့်ထံ အကြံမတောင်းဘူးလား . . ."

"သူတို့လက်ထပ်မယ်ဆိုတော့ လာပြီး အကြံတောင်းပါတယ်။ တောင်းတော့ ညည်းတော့ ကော်တာပေါ့အေ . . . လင်အရည်း တစ်ယောက် လူတစ်ယောက်ဆိုတော့ ကြက်သားဟင်းတစ်လှည့်၊ ဝက်သားဟင်းတစ်လှည့်၊ စားနေရတာလိုပေါ့လို့ ပြောလိုက်ပါတယ်"

"ဒါမဟုတ်ဘူးဗျ၊ စားစရိတ်တောင်းဖို့ . . ."

"ဒါကိုတော့ ကိုယ်တော့်ထံမှာ မိတင့်တင့် နှာစေးနေပြီ ဘုရား . . ."

"ကတဲ ကျော်မကောင်း၊ ကြားမကောင်းဗျာ . . ."

"ကောင်းတာပေါ့ . . ."

(ရယ်ကြလေ၏)

* * *

mgyoe.com

mgyoe.com

## အခန်း (၈)

အိမ်ရှေ့မင်း ခန်းမောက်သည် အရည်းဝဏ္ဏဇေထံသို့ အမှုထမ်းတစ်ယောက်ကို လွှတ်ပြီးသော် နောက်တစ်နေ့၌ ကြွရောက်ရန် ပင့်လိုက်လေ၏။

ထိုနေ့သော် အိမ်ရှေ့မင်းသည် လွှတ်တော်မှ စောစော ဆင်းလာ၍ ဝဏ္ဏဇေကို မျှော်နေစဉ် ဝဏ္ဏဇေလည်း ရောက်လာသဖြင့် ဤသို့လျှင် ပြောဆိုနေကြလေ၏။

"အရည်းဆရာဟာ အရည်းဗန္ဓကနှင့် ကျွမ်းတယ်မဟုတ်လား . . ."

"ထားပါတော့ . . ."

"ယခု ဗန္ဓကအရည်းထံ သူကြွယ့်သမီး လှအုံးကြည်က မီးနေစရိတ် ကလေးစရိတ်တောင်းနေတယ် . . ."

"လှအုံးကြည်ဟာ သူဌေးသား မျိုးညွှန့်နှင့် လက်ထပ်တာပဲ၊ ကျုပ်တို့တောင် လက်ထပ်ဆွမ်းစားပြီး သားကောင်းသမီးကောင်း

mgyoe.com

mgyoe.com


ထွန်းကားပါစေ၊ အရည်းသာသနာကြီးကို ချီးမြှောက်နိုင်ပါစေလို့ ဆုဆိုခဲ့ပါသေးတယ် . . .”

“ဟုတ်တယ် . . . ဗန္ဓကထံ ကျောင်းလွှတ်ပူဇော်လို့ မျိုးညွန့်က လှအုံးကြည်ကို ရွံရှာစက်ဆုပ်တာကြောင့် ပြန်စောင်းမှ မကြည့်ဘဲ စွန့်ခွာပြီးသွားသတဲ့၊ ဘယ့်နှယ်လုပ်မလဲ . . .”

“အခက်သားပဲ . . .”

“ခက်မနေနှင့် လှအုံးကြည် ကျေနပ်အောင် အရည်းများက ဆောင်ရွက်ကြပေါ့ . . . တရားရုံးသို့ ရောက်လာလို့ မတော်ဘူး၊ တရားရုံးရောက်ရင်၊ တရားခမ္ဘသတ်အလျောက် စီရင်ရလိမ့်မယ်. . . စီရင်ရရင်လည်း လူကြားမကောင်း၊ သူကြားမကောင်း၊ မတော်ဘူး . . .”

“ကိုင်း . . . ဒါဖြင့် ကျုပ်တို့ကြံဦးမလေ . . .”

*

ဝဏ္ဏာဇေသည် အိမ်ရှေ့မင်းထံမှ ပြန်လာ၍ ၎င်း၏ကျောင်း၌ ထိုင်ပြီးလျှင် ဤသို့လျှင် စဉ်းစားခန်းထုတ်လေ၏။

‘ငြိမ်းရိပ်သာတိုက်၌ ငါ့ငြိမ်းရိပ်သာကျောင်းကြီးသည် အိမ်ရှေ့မင်းက ဆောက်လုပ်ပေးသဖြင့် တင့်တယ်ပါဘိ၏။ သို့သော် ငါ့ကျောင်းနှင့် ငါ့တိုက်တာသည် နာမည်နှင့်မညီရန် ယခုပူစဖြစ်လာပြီ။ သည်အပူဟာ ရုတ်တရက်မှ ငြိမ်းပါ့မလား။ ရှေ့သို့ဆက်ပြီး ပူလာဦးမည်လား။ လောက၌ ပညတ်ကို မပယ်ရာသော်လည်း နာမည်သည် အဓိကလော၊ အကျင့်သည် အဓိကလော၊ ငါတို့ အရည်းများ ကျင့်သုံးနေထိုင်ခြင်းနှင့် ငါ့ဝါဒသည် မဆီလျော်၊ အင်း’

ဝဏ္ဏာဇေသည် ထိုသို့စဉ်းစားတွေးဆပြီးသော် အရည်းဗန္ဓကထံ

mgyoe.com

mgyoe.com


သွားရောက်လေ၏။ အရည်းဗန္ဓကသည်ကား နာမည်ကြီး၍ ရဟန်းမင်းကိုပင် ချိန်ရွယ်နေသော်လည်း မိမိ၌ အမှုရောက်တော့မည်ကို မသိသေးပေ၊ ဝဏ္ဏဇေအရည်းသည် မိမိ၏အထံသို့ ရောက်လတ်သော် ကောင်းစွာနေရာထိုင်ခင်းပေး၍ ဤသို့လျှင် စကားပြောဆိုနေကြလေ၏။

"ငါ့ရှင် အကြောင်းကိစ္စထူးသလား ..."

"ငါ့ရှင် ... ထူးသပေါ့ ..."

"ဆိုပါ ..."

"ငါ့ရှင်အား လှအုံးကြည်က မီးနေစရိတ်၊ ကလေးစားစရိတ်စွဲဆိုမလို့တဲ့ ..."

"ဘာလဲ သည်ကောင်မက ..."

"ဘာလဲ သည်ကောင်မက လုပ်မနေနှင့် လှအုံးကြည်က တရားစွဲဆိုတာကို ခံမလား၊ ဒါမှမဟုတ် ကျေနပ်အောင် လုပ်မလား၊ ဒါကိုတိုင်ပင်စရာရှိလို့လာတာ ..."

"ငါ့ရှင်က မြှောက်ပေးသလား ..."

"ငါ့ရှင် သည်လိုမပြောနှင့် ... သဘောမထားနှင့်၊ အရည်းများကို ထိကုန်မှာကြောင့် စေတနာကောင်းနှင့် လာပြီးပြောတာ၊ အိမ်ရှေ့မင်းက အုပ်ထားပြီး ကျေနပ်အောင် လုပ်ကြဆိုလို့ လာတာ ..."

"သည်ကောင်မမှာ လင်နှင့်ပဲ၊ သူ့လင် မျိုးညွန့်ပါလား၊ ကျုပ်တို့ပဲ လက်ထပ်ပေးတာပဲ ..."

"ငါ့ရှင် ... ဘာတွေကို လျှောက်ပြောနေသလဲ၊ ငါ့ရှင်ထံ လှအုံးကြည်ကို ကျောင်းလွှတ်ပူဇော်ရလို့ မျိုးညွန့်က သူနှင့်လက်ထပ်ပေမဲ့ လုံးလုံးမပေါင်းသင်းဘဲ လှအုံးကြည်ကို ကြည့်တောင်မကြည့်

mgyoe.com

mgyoe.com


မူ၍ တသီးတခြားနေသတဲ့"

"ဟင် . . . ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ၊ ငါ့ရှင် ကျုပ်ထံ တစ်ညတည်း ပူဇော်တာပါ . . ."

"အေးလေ . . . တစ်ညတည်းပေ့ ကလေးရှိသွားတာကို ဘယ်မှာတတ်နိုင်မလဲ . ."

"ငါ့ရှင် . . . ဘယ်လိုကြံစည်မလဲ . . ."

"ငါ့ရှင် . . . ငါ့ရှင်ကိုတော့ အကြီးအကဲ ဆရာတော်ကြောင့် မပြောဖူးဘူးပေါ့၊ အရည်းငယ်များကိုတော့ ငါ့ရှင်တို့ ကာမမေထုန် မှုဆိုတာဟာ မီးတကာ့မီးတွင် အပူဆုံးသောမီး၊ ငါ့ရှင်တို့ သတိထား ကြလို့ ခဏခဏသတိပေးတာပဲ၊ ခုတော့ . . . လှအုံးကြည်မိဘများ ထံသွားပြီး ကျေအေးရာကျေအေးကြောင်းကို အကြောင်းအကျိုးနှင့် တကွ ပြောဆိုရရင် သင့်လိမ့်မယ်ထင်ပါတယ် . . ."

"ကိုင်း . . . သည်လိုဖြင့် သွားကြရအောင် . . ."

အရည်းဗန္ဓကနှင့် အရည်းဝဏ္ဏဓဇတို့သည် လှအုံးကြည့် မိဘများအိမ်သို့ သွားရောက်ကြလေ၏။

*

"အရှင်နှစ်ပါးတို့ ကြွတော်မူကြပါ . . ."

"ကျုပ်တို့ ကိစ္စတစ်ခုရှိလို့ ဒကာကြီး . . ."

"မိန့်တော်မူပါဘုရား . . ."

"လှအုံးကြည်နှင့် တွေ့ပါရစေ . . ."

"ဟဲ့ . . . သူဇာတင် နင့်မမကို ပြောလိုက်၊ ဆရာတော် နှစ်ပါးက တွေ့ချင်လို့တဲ့ . . ."

သူဇာတင်သည် လှအုံးကြည်ထံသွားရောက်၍ ပြောဆိုပြီး

mgyoe.com